# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၄၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


ယနေ့ ဖတ်စရာ

**နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ကျင်းပပြီးစီး**

ပြည်တွင်းသတင်း စာ ၃

**ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား**



ဆောင်းပါး စာ ၆

**လူ့ဂုဏ်သိက္ခာ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး၏ အရေးပါမှု**

ဆောင်းပါး စာ ၁၀




ဆံတော်ရှင်မော်တင်စွန်းဘုရားပွဲတော်သို့ သွားလာသည့် ခရီးသွားဘုရားဖူးပြည်သူများကို ပုသိမ်ဆိပ်ကမ်းမှ ရှပ်ပြေးအမြန်ယာဉ်များဖြင့် ဝန်ဆောင်မှုပေးနေစဉ်။

# ဆံတော်ရှင်မော်တင်စွန်းဘုရားပွဲတော်လာ ပြည်သူများ သွားလာမှုအဆင်ပြေစေရန် ပုသိမ်ဆိပ်ကမ်းမှ ရှပ်ပြေးယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ဆံတော်ရှင်မော်တင်စွန်းစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ တပေါင်းလပြည့်နေ့ မတ် ၂ ရက်အထိ ကျင်းပလျက်ရှိရာ ပွဲတော်လာပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ပုသိမ်ဆိပ်ကမ်းမှ ရှပ်ပြေးအမြန်ယာဉ်များဖြင့် ခမောက်မော်ဆိပ်ကမ်းသို့ ခရီးသွားဝန်ဆောင်မှုပေးကာ ပို့ဆောင်ပေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ပုသိမ်ကနေ မော်တင်စွန်းကို ရှပ်ပြေး ခုနစ်စင်း၊ ရှစ်စင်း နေ့စဉ် ညနေတိုင်း ပြေးဆွဲပေးပါတယ်။ ရှပ်ပြေးယာဉ်နဲ့ ခရီးသွားတွေ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်တဲ့အပြင် ပင်လယ်ကမ်းခြေမှာလည်း အပန်းဖြေလည်ပတ်နိုင်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးတဲ့အတွက် ခရီးသွားတွေ စိတ်အေးချမ်းစွာ ဘုရားဖူးရင်း၊ အပန်းဖြေရင်း လာရောက်လည်ပတ်နိုင်ပါတယ်" ဟု ပုသိမ်သူ ရှပ်ပြေးယာဉ်တာဝန်ခံ ဦးကျော်ထွေးက ပြောသည်။

ရှပ်ပြေးယာဉ်များဖြင့် ခရီးသွားဝန်ဆောင်မှု ပေးရာတွင်


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# ပြည်သူနှင့် ပြည်သူ့အကျိုးစီးပွားကို ပစ်မှတ်ထားလာသည့် အကြမ်းဖက်များ

စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်သောင်းကျန်းသူများက နေရာဒေသအနှံ့အပြားတို့တွင် မကြာခဏ ပစ်ခတ်တိုက်ခိုက်နေကြရာ ဖေဖော်ဝါရီ ၂၀ ရက် တစ်ရက်တည်းမှာပင် ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်တို့အတွင်း တိုက်ခိုက်မှုတို့မှာ ပြည်သူကို အဓိကရည်ရွယ်၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေး အပြောင်းအလဲတွင် ပြည်သူအတွက်ဟုဆိုကာ ပြည်တွင်းဒေသ အများအပြားတို့တွင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ပေါင်း များစွာ ပေါ်ပေါက်လာခဲ့ကြရာ ငါးနှစ်ကျော်မျှကြာမြင့်လာပြီ ဖြစ်သည့် ယနေ့အချိန်တွင် ၎င်းအဖွဲ့များမှာ စစ်ရေးအရအောင်မြင်မှု မရကြသည့်အပြင် ဒေသခံပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးများ၊ အန္တရာယ်ပေးသူများ ဖြစ်လာကြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကျင်းပနေသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးနေရာကို CDF (ဟားခါး)နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခမ်းအနား ကျင်းပနေမှုပျက်စီးစေရန်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူများ ထိခိုက်သေကျေစေရန်ရည်ရွယ်၍ FPV Suicide Drone များ ပစ်ချတိုက်ခိုက်ခဲ့ကြသည်။ ယင်းနေ့ ညနေ ၄ နာရီခွဲခန့်တွင် ကယားပြည်နယ် ဖားဆောင်းမြို့၏ အရှေ့မြောက်ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဝမ်အောင်း – ချိုကွဲ့– စောင်းလော့လမ်းကြောင်းပေါ်ရှိ အများပြည်သူအားထားအသုံးပြုနေကြရသော ပွန်ချောင်းတံတားကို KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ ၎င်းအဖွဲ့တို့ကပင် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား (ဖားဆောင်း)ကို ဖေဖော်ဝါရီ ၁၇ ရက်နေ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြခြင်းကြောင့် ဒေသခံပြည်သူများ ခရီးသွားလာရေးတွင် အခက်အခဲများစွာ တွေ့ကြုံနေကြရပြီး ဖြစ်ရာ ပွန်ချောင်းတံတားကိုပါ ထပ်မံဖျက်ဆီးလိုက်ခြင်းအားဖြင့် နောက်တစ်မျိုး ဒုက္ခထပ်ပိုးပေးလိုက်ကြခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်နေ့ ညပိုင်းတွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့ ပူးပေါင်းကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်မှုကမူ ရက်စက်မှုအပေါင်း သရဖူဆောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းနေ့ ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြန်မာ အမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR–72– 600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် ခရီးသည်များတင်ဆောင်၍ မြစ်ကြီးနားလေဆိပ်မှ မန္တလေးသို့ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် KIA နှင့် PDF ပူးပေါင်းအဖွဲ့က FPV Suicide Drone များဖြင့် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ အရပ်ဘက်လေဆိပ်မှ ခရီးသည် တင်လေယာဉ်ကို ခရီးသည်များတင်ဆောင်ပြီးစီး၍ ပြန်လည် ထွက်ခွာမည့်အချိန်တွင် ယခုကဲ့သို့ တိုက်ခိုက်ခြင်းမှာ ခရီးသွား ပြည်သူကို ထိခိုက်သေကျေပျက်စီးစေလိုခြင်းမှတစ်ပါး အခြား မရှိနိုင်။ ၎င်းအဖွဲ့တို့ကပင် ဖေဖော်ဝါရီ ၁၂ ရက်တွင် မြစ်ကြီးနား လေဆိပ်ကို အဆိုပါ drone မျိုးဖြင့် တစ်ကြိမ်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အားကိုးအားထားပြုနေကြရသော အရပ်ဘက်လေကြောင်းလိုင်းကို ယခုလိုရည်ရွယ်ချက်ရှိရှိ တိုက်ခိုက် ခြင်းက ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ အရ စစ်ရာဇဝတ်မှု (war crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားတို့၏ လုပ်ရပ်များ က ၎င်းတို့၏ကျရှုံးမှုများကို ထင်ဟပ်ဖော်ပြနေသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း လက်နက်ကိုင်အကြမ်းဖက်ဆူပူသောင်း ကျန်းမှု စစ်မျက်နှာအများအပြား ပြည်တွင်းဒေသများစွာမှာ ဖြစ်ပေါ်လာချိန်တွင် ၎င်းတို့အနေဖြင့် အရေးသာမှုအချို့ကို အခိုက် အတန့်အားဖြင့် ရရှိခဲ့ကြသည်။ သို့ရာတွင် အချိန်ကြာလာသည် နှင့်အမျှ တစ်ဗိုလ်တစ်မင်း လက်နက်ကိုင်ထားကြသူများက အာဏာ ပြလာသည်။ ဒေသခံပြည်သူများအပေါ် ဖိစီးနှိပ်စက်မှုများ ဖြစ်လာသည်။ ထိုအခါ ပြည်သူများက လက်နက်ကိုင်သောင်းကျန်း သူများကို ဆန့်ကျင်မှုများ ဖြစ်ပေါ်လာသည်။ ၎င်းတို့ရှိနေခြင်း ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ လူမှုစီးပွား ဘဝများ နိမ့်ကျမှုဖြစ်ရသည့် အခြေအနေကိုလည်း ပြည်သူလူထုက နားလည်သိရှိလာကြသည်။ ထို့အပြင် ၎င်းလက်နက်ကိုင်အကြမ်း ဖက်သောင်းကျန်းသူအဖွဲ့များ၏ လက်နက်အားကိုး ဥပဒေမဲ့ပြုကျင့် မှုများကို ဒေသခံပြည်သူများက မုန်းတီးစက်ဆုပ်လာကြသည်။ ဤအခြေအနေများသည် အကြမ်းဖက်သောင်းကျန်းသူတို့၏ နေဝင်ချိန်မကြာမီရောက်ရှိလာတော့မည့် နိမိတ်ပုံများပင်ဖြစ်ရာ ၎င်းအကြမ်းဖက် အဖျက်သမားများကို တိုက်ခိုက်နှိမ်နင်းရှင်းလင်းမှု များတွင် ဒေသခံပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာသည်နှင့် အမျှ အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုများ ရရှိလာနိုင်ပါမည့် အကြောင်း။ ။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ် ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာခေတ်မီ အကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်(ဖေဖော်ဝါရီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ – အင်္ဂလိပ်ဘာသာစကား) တို့၏ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး) ညီညီဖေ၊ ညီမော်သိမ်း၊ မြသိန်း၊ ဝင်းထွဋ်ဦး၊ စိန်ဝင်းမော်၊ ကိုကိုအောင် (အလုပ်သမား)၊ ဇလွန်ကျော်ဦး တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ကိုရင်ကျော်၊ မြသာဝင်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်း တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာကောင်းစံ၊ ရဲထက်ဇော်တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ခင်မောင်အေး၏ မီးခိုးမြူငွေ့ အန္တရာယ်ဆိုင်ရာ ဆောင်းပါး၊ ရဲရင့်နဒီ၏ အမုန်းစကားဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာလွင်သန့်တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ပါမောက္ခဦးသိန်းလှိုင်၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉– ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇–၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉–၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂–၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁– ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၁ – ၂ – ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု (ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ – ၂ – ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၄၅ | ၂၄၆၀ | ၂၄၂၅ | ၂၃၆၀ | ၂၄၆၅ | ၂၄၈၀ | ၂၄၉၅ | ၂၄၁၅ | ၄၅၀၅ | ၂၇၁၀ | ၂၄၃၅ | ၂၅၃၅ | ၂၅၀၅ | ၂၄၇၀ | ၂၄၉၀ | ၂၇၅၀ |
| 95 Ron | ၂၃၉၅ | ၂၅၀၅ | ၂၄၇၅ | ၂၄၁၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၄၅ | ၂၄၆၅ | ၄၅၆၀ | ၂၇၆၀ | ၂၄၈၀ | ၂၆၀၅ | ၂၅၅၅ | ၂၅၂၀ | ၂၅၄၀ | ၂၇၉၅ |
| HSD (500 ppm) | ၂၄၈၂ | ၂၅၉၂ | ၂၅၅၇ | ၂၄၉၂ | ၂၅၉၇ | ၂၆၁၂ | ၂၆၃၂ | ၂၅၅၂ | - | ၂၈၄၂ | ၂၅၆၇ | ၂၉၀၀ | ၂၆၃၇ | ၂၆၁၂ | ၂၆၂၇ | ၂၈၈၂ |
| HSD (50 ppm) | ၂၇၈၅ | ၂၉၀၀ | ၂၈၆၅ | ၂၈၀၀ | ၂၉၀၅ | ၂၉၂၀ | ၂၉၄၀ | ၂၈၆၀ | ၄၈၃၀ | ၃၁၅၀ | ၂၈၇၅ | ၂၉၅၀ | ၂၉၄၅ | ၂၉၃၀ | ၂၉၃၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၇၈၅ | ၂၉၀၀ | ၂၈၆၅ | ၂၈၀၀ | ၂၉၀၅ | ၂၉၂၀ | ၂၉၄၀ | ၂၈၆၀ | - | ၃၁၅၀ | ၂၈၇၅ | ၂၉၅၀ | ၂၉၄၅ | ၂၉၃၀ | ၂၉၃၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၃ | ၂၂၇၁ |
| 95 Ron | ၂၂၄၁ | ၂၃၁၉ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၆၂၁ | ၂၇၀၃ |
| HSD (10 ppm) | ၂၆၂၁ | ၂၇၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် – ဟန်လင်းအောင်
ဒုတိယစာတည်းမှူးချုပ် – မြင့်စိုး
စာတည်းများ – ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး – ခင်ရတနာ
အကြီးတန်း – ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ – ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် – တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – မိုမို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com





နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ကျင်းပစဉ်။

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကျင်းပပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၂၄ ပါးတို့အား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသောဓမ္မဒူတဆေကိန္ဒတက္ကသိုလ်နှင့် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်တို့ကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကိုလည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။**(အပေါ်ပုံ)**

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်း ဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နိဂုံးချုပ်ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

**(ဥက္ကဋ္ဌဆရာတော်ကြီး၏ နိဂုံးချုပ် ဥယျောဇနကထာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက **“ဇယန္တော ဗောဓိယာ မူလေ”** အစချီ ၂ ဂါထာကို ၃ ကြိမ် ရွတ်ဆိုတော်မူကြပြီး **“သာဓု”** ၃ ကြိမ် ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးကို ယနေ့ နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

❖ *ရွှေ့ဖုံးမှ*

ရုပ်ပြေးယာဉ်များ၌ ရိုးရိုးအခန်း၊ လေပန်ကာအခန်း၊ အဲယားကွန်းအခန်း စသည့်ဝန်ဆောင်မှုများ ရှိပြီး ပုသိမ်ဆိပ်ကမ်းမှ ညနေ ၆ နာရီတွင် ထွက်ခွာပါက နံနက် ၁ နာရီခွဲတွင် ခမောက်မော်ဆိပ်ကမ်းသို့ ဆိုက်ကပ်လေ့ရှိကြောင်း သိရသည်။



ခရီးသွားပြည်သူများသည် ဆံတော်ရှင်မော်တင်စွန်းစေတီတော်မြတ်သို့ လာရောက်ဖူးမြော်ပြီး အပန်းဖြေခရီးစဉ်အဖြစ် ငွေတောင်ကမ်းခြေ၊ ခမောက်မော်ကမ်းခြေ၊ ဟိုင်းကြီးကျွန်း၊ ဇီးချိုင်ကျေးရွာနှင့် ကျောက်ကလပ်တို့ကို အပန်းဖြေလည်ပတ်ကြသည်။

“ပွဲတော်ကာလအတွင်း တပေါင်းလပြည့်နေ့ဟာ ဆံတော်ရှင်မော်တင်စွန်းဘုရားပွဲတော်ရဲ့ အစည်ကားဆုံးနေ့ ဖြစ်ပါတယ်။ အခုလို ပွဲတော်ကာလဆိုရင် ခရီးသွားတွေဟာ မော်တော်ယာဉ်နဲ့ လာရောက်ကြတာ ရှိပါတယ်။ ပြီးတော့ ပုသိမ်မြို့ ဆိပ်ကမ်းကနေ ရုပ်ပြေး အမြန်ယာဉ်တွေနဲ့လည်း သွားကြတာလည်း ရှိပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ မော်တင်စွန်းဘုရားကို လာရောက်ဖူးမြော်ရင်း ငွေတောင်ကမ်းခြေနဲ့ ကျောက်ကလပ်ကိုလည်း အပန်းဖြေ လည်ပတ်လို့ရတာကြောင့် ရုံးပိတ်ရက်ကာလတွေမှာ လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောကြားသည်။ **ဓာတ်ပုံ ဟိုတယ်နှင့်ခရီးသွား(ဧရာဝတီ)**၊ သစ္စာ(MNA)

**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၀-၂-၂၀၂၆ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| မိုင်းယန်းမြို့ | ၇.၀ | ၄၄.၆ |
| ဟဲဟိုးမြို့ | ၇.၆ | ၄၅.၇ |
| လွိုင်လင်မြို့ | ၉.၅ | ၄၉.၁ |
| ပူတာအိုမြို့ | ၉.၇ | ၄၉.၅ |
| တီးတိန်မြို့ | ၁၀.၀ | ၅၀.၀ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ် တောင်ပိုင်း) | ၁၁.၃ | ၅၂.၃ |
| ဟားခါးမြို့ | ၁၁.၄ | ၅၂.၅ |
| သီပေါမြို့ | ၁၂.၀ | ၅၃.၆ |
| လားရှိုးမြို့ | ၁၂.၇ | ၅၄.၉ |
| မိုးကောင်းမြို့ | ၁၃.၀ | ၅၅.၄ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ နိဂမနဩဝါဒကထာ

**[ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်) စနေနေ့]**

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ထက်သန်တက်ကြွသော သာသနာပြုစိတ်ဓာတ် အပြည့်အဝထားကာ ကြွရောက်တော်မူလာကြကုန်သော သာသနာ့ဦးသျှောင် ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်(၁၉-၂-၂၀၂၆) ရက်နေ့မှစ၍ ကျင်းပခဲ့သော နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးသည် ဤနေ့ ဤရက် ဤအချိန်အခါသမယတွင် ဇယမင်္ဂလာပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး ပီတိဖုံးလျက် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ဆရာတော်အရှင်မြတ်တို့၏ ကြီးမားသောလုံ့လဥဿာဟဖြင့် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်ချီးမြှောက်တော်မူခြင်း၊ အစည်းအဝေးကြီးသို့ မကြွရောက်နိုင်ကြသော ဆရာတော်အရှင်မြတ်တို့က သဘောတူဆန္ဒ ပေးတော်မူကြခြင်း၊ သက်တော်ရှည် သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများကလည်း ဩဝါဒကထာများ မိန့်ကြားချီးမြှင့်တော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ အဖြာဖြာသော သာသနာ့ကိစ္စတို့ကို လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ နိုင်ငံတော်သံဃဝိနိစ္ဆယ၊ နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စုံစမ်းရေးစသော ကျရာတာဝန်များကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏အစီရင်ခံစာကို အပြုသဘောဖြင့် ဝေဖန်ဆွေးနွေးအကြံပေးကာ အတည်ပြုပေးတော်မူကြခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမှူးပြုသော အရာထမ်း၊ အမှုထမ်းများက အစည်းအဝေးကြီး ပြီးမြောက်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာဥပဋ္ဌာကများက ကြိုဆိုပင့်ဆောင်ရေး၊ နေရာထိုင်ခင်း ပြင်ဆင်ချထားရေး၊ ဝေယျာဝစ္စ ဆောင်ရွက်ရေး စသည်တို့ကို အဘက်ဘက်က မလစ်ဟင်း ရလေအောင် ဆောင်ရွက်ပေးခြင်း၊ စေတနာရှင်ဆွမ်းဒါယကာ ဒါယိကာမများက ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းထောက်ပံ့ပေးခြင်း၊ လုံခြုံရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးကအစ အားလုံးတာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခြင်းစသော အထောက်အပံ့များကို အပြည့်အဝ ရရှိခြင်းကြောင့်သာလျှင် ယခုလို ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ဤအစည်းအဝေးကြီး ချောမောအောင်မြင်အောင်အဘက်ဘက်က အားပေးချီးမြှောက် ထောက်ပံ့ကြသော ရဟန်းရှင်လူအားလုံးတို့ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ကြီးက ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ ယခုလို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တစ်နှစ်တစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များက လေးလတစ်ကြိမ် စည်းဝေးကြ၍ လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက တာဝန်ကျအဖွဲ့ခွဲဝင် ဆရာတော်များက တစ်ပတ်တစ်ကြိမ် စည်းဝေးကြ၍ လည်းကောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို အညီအညွတ်ဆောင်ရွက်နေသရွေ့ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်လာ ဘိက္ခု အပရိဟာနိယ ဒေသနာတော်နှင့်လွန်စွာ ညီညွတ်သောကြောင့် သာသနာတော်မဆုတ်ယုတ်ကြောင်း၊ သာသနာတော် တည်တံ့ကြောင်းဖြစ်သည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းပါတကားဟု ဆင်ခြင်ကာ လွန်စွာအားရနှစ်သက်ဖွယ် ကောင်းလှပါသည်ဘုရား။

ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်နယ်အရပ်ရပ်က သာသနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ သတင်းမှန်များကို မကြားရသည့်အတွက် မည်သည့်ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် သာသနာတော်နှင့် မအပ်စပ်သည့်အမှုများကို ကျူးလွန်နေကြသည် စသည်တို့ကို မကြား မသိနိုင်ကြောင်း၊ ပါပဘိက္ခုများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟု သိကြ၍ အုပ်စုဖွဲ့ကာ သာသနာတော် ဆုတ်ယုတ်ကြောင်းအမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်မလပ်စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် ပါပဘိက္ခုများ အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်း သိကြ၍ တိမ်းရှောင်ကြရကြောင်း စသည်ဖြင့် ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးခြင်းကြောင့် သာသနာတော် ဆုတ်ယုတ်ပုံနှင့် ရဟန်းတော်များ မပြတ်မလပ်စည်းဝေးခြင်းကြောင့် သာသနာတော်တိုးတက်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြထားပါသည် ဘုရား။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၄) သို့ဖြစ်၍ ဆရာတော်တို့ သံဃာ့အစည်းအဝေးများသို့ မပျက်မကွက် တက်ရောက်တော်မူကြ၍ အညီအညွတ် ညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်းဖြစ်သော သာသနာရေး၊ ဝိနိစ္ဆယရေး၊ ပညာရေးစသော သာသနာတော်ကိစ္စများကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူကြပါရန် တောင်းပန်တိုက်တွန်းအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ အခန်း(၂)၊ အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ၊ အပိုဒ်ခွဲ(ဆ)၌ "သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန် ဖြစ်သည်"ဟု ပြဆိုထားပါသည်ဘုရား။ ဤရည်ရွယ်ချက်သည် အလွန်အရေးကြီးပါသည်။ သံဃာ့ဂိုဏ်းများ အချင်းချင်း စည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည် ဘုရား။ သို့ဖြစ်၍ သူ့ဂိုဏ်းကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစိတ်များကို ပယ်ဖျောက်တော်မူကြကာ ဂိုဏ်းတစ်ပါး၏အလိုကို အခြားဂိုဏ်း တစ်ပါးက ဓမ္မဝိနယလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျော ဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေး ဂရုပြုတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

> ❑ **သံဃာ့ဂိုဏ်းများအချင်းချင်း စည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည် ဘုရား။ သို့ဖြစ်၍ သူ့ဂိုဏ်းကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစိတ်များကို ပယ်ဖျောက်တော်မူကြကာ ဂိုဏ်းတစ်ပါး၏အလိုကို အခြားဂိုဏ်းတစ်ပါးက ဓမ္မဝိနယလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြုတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။**

ဤသို့ သာသနာတော်အတွက် အစည်းအဝေးကြီးများ ကျင်းပသည့်အခါတိုင်း စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေးအကြံဉာဏ်များပေးခြင်း စသည်တို့ဖြင့်လည်းကောင်း၊ မိမိတို့အခြေခံဒေသသို့ ပြန်လည်ရောက်ရှိတော်မူကြသည့်အခါ၌လည်း မိမိတို့အခြေခံဒေသရှိ ရပ်/ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ် အဖွဲ့အစည်းဝင်ဆရာတော်များနှင့် ညီညီညာညာလက်တွဲ၍ အမြဲရှင်သန်ထက်မြက်နေသော သာသနာပြုစိတ်ဓာတ်ဖြင့် သာသနာတော်ကြီးသန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် သံဃာတော်များ တည်ငြိမ်အေးချမ်းစွာပရိယတ်၊ ပဋိပတ်တရားများ အားထုတ်နိုင်အောင် ဒါယကာ၊ ဒါယိကာမများကိုလည်း သာသနာရေး၊ ဘာသာရေး၊ အသိဉာဏ် တိုးတက်မြင့်မား၍ သာသနာတော်အစစ်အမှန်ကို ကြည်ညိုတတ်၊ ဆည်းကပ်တတ်၊ အားပေးချီးမြှောက်တတ်အောင် ပြုပေးတော်မူခြင်း စသည်တို့ဖြင့် လည်းကောင်း၊ လုံ့လမယုတ် အားထုတ်ကြိုးပမ်း စွမ်းအားရှိသမျှ သာသနာပြုတော်မူကြပါဟု ပန်ကြားလျှောက်ထားရင်း တပည့်တော်၏ နိဂမနဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဥက္ကဋ္ဌဆရာတော်

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီ အတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး မန္တလေး - နေပြည်တော် ရထားလမ်းပိုင်းအတွင်းရှိ ရထားလမ်းကြံ့ခိုင်မှု၊ ဘူတာအသစ်တည်ဆောက်ခြင်းနှင့် တံတားအသစ်များ ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ တာဝန်ရှိသူများ နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မြစ်ငယ်ဘူတာမှ RBE ရထားဖြင့် မန္တလေး – နေပြည်တော် ရထား လမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင် ပြေးဆွဲနိုင်ရေး၊ ဘူတာများအသစ် ပြန်လည် တည်ဆောက်နေမှု၊ တံတားများကြံ့ခိုင်မှုနှင့် တံတား အသစ်ပြန်လည် တည်ဆောက် နေမှုများကို ကြည့်ရှုစစ်ဆေး သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြစ်ငယ်ဘူတာမှ RBE ရထားဖြင့် လိုက်ပါစီးနင်း၍ ဘဲလင်းဘူတာနှင့် ကျောက်ဆည် ဘူတာကြားရှိ တံတားအမှတ် (၇၇၁)သို့ ရောက်ရှိပြီး တံတား တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ကျောက်ဆည် ဘူတာသို့ရောက်ရှိပြီး အသစ် ပြန်လည် တည်ဆောက်မည့် အလျားပေ ၁၀၀၊ အနံပေ ၄၀ ကွန်ကရစ်ကြမ်းခင်း သံကူ ကွန်ကရစ်အမျိုးအစား ဘူတာ သစ် တည်ဆောက်မည့်မြေနေရာ၊ ကျောက်ဆည်ဘူတာနှင့် မင်းစု ဘူတာအကြားရှိ တံတားအမှတ် (၇၃၉) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်း နှင့်အညီ သတ်မှတ်ကာလအမီ ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် RBE ရထား ဖြင့် ဆက်လက်ထွက်ခွာလာရာ သပြေတောင်းဘူတာသို့ ရောက်ရှိ ပြီး ဘူတာအသစ် တည်ဆောက် နေမှုကို ကြည့်ရှုစစ်ဆေးကာ ဘူတာအဝင် အထွက်လမ်းများ စနစ်တကျဆောင်ရွက်ရေး မှာကြား သည်။



**စနစ်တကျဆောင်ရွက်**

ဆက်လက်၍ သပြေတောင်း ဘူတာနှင့် စမုံဘူတာအကြားရှိ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွား သော အသစ်ပြန်လည်တည် ဆောက်လျက်ရှိသည့် တံတား အမှတ် ၆၉၁ သို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် ဘိုးပိုင် တူးခြင်း၊ ရေတိုက်စား၍ ပျက်စီး သွားသော အစုန်လမ်းတံတား၏ တိုင်ဟောင်းများ ဖျက်သိမ်းပြီးစီး မှု၊ မြေထိန်းနံရံကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးကာ တံတားတည်ဆောက် ရေး ရှင်းလင်းဆောင်၌ တာဝန် ရှိသူများ၏ တင်ပြချက်များအပေါ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ် ကာလအမီပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ မိုးတွင်း ကာလတွင် မိုးများသောကြောင့် သစ်ပင်သစ်လုံးသစ်မြစ်များမျော ပါလာနိုင်သဖြင့် တံတားအောက် တွင် Basket များ ထားရှိရေး၊ ချောင်းကမ်းပါးနံရံများ ပြိုကျ ပိတ်ဆို့မှုမရှိစေရန် မြေထိန်းနံရံ များ စနစ်တကျဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့ တို့ ပူးပေါင်းစီစဉ်သည့် ယာဉ် အန္တရာယ်ကင်းရှင်းရေးအသိပညာ ပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ပိုင်းတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အစည်း အဝေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် နှင့် အဖွဲ့ဝင်များ၊ လှိုင်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူ များ၊ ဝန်ထမ်းများ တက်ရောက်ကြ သည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်ရုံး ဝန်ထမ်းများအနေဖြင့် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိနားလည်ပြီး ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းစွာ သွားလာနေထိုင်တတ်စေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကို သတိပြုလိုက်နာတတ်စေရန် ပညာပေး အစီအစဉ်ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ ယနေ့ကမ္ဘာ ပေါ်တွင် ယာဉ်တိုက်မှုကြောင့် တစ်နှစ်လျှင် ၁ ဒသမ ၃၅ သန်း ကျော် သေဆုံးနေပြီး တစ်ရက် လျှင် သေဆုံးနှုန်း ပျမ်းမျှဦးရေ ၃၇၀၀ ခန့်ရှိသည်ဟု ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ချုပ်နှင့် သုတေ သနစာတမ်းများတွင် ဖော်ပြထား ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယာဉ်တိုက်မှု၊ မတော်တဆမှုများ ကြောင့် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာ ရရှိမှုများရှိနေပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကောင်းစွာ သိရှိလိုက်နာကြရန် လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးက ယာဉ်အန္တရာယ်ကင်းရှင်း ရေးနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်း ဆွေးနွေးပြီး တက်ရောက်လာသူ များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် မည်သည့်ပြစ်မှုကိုမဆို အသေးအဖွဲပင် ဖြစ်လင့်ကစား လုံးဝခွင့်မလွှတ်ဘဲ အရေးယူအပြစ်ပေး သည့် (zero – tolerance policy) ချမှတ်ထားပြီး ကျူးလွန်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထား သည်။

ဤသို့သော ဥပဒေအစီအမံများနှင့်အတူ အမျိုးသားအဆင့်ယန္တရား များ ဖွဲ့စည်းခြင်း၊ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် အသိပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အမျိုးသား အဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကဏ္ဍအလိုက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီ များကို ဖွဲ့စည်းပြီး ဒေသအလိုက်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေး အတွက် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) ၂၄ နာရီ Helpline ဝန်ဆောင်မှုကို ၂၅-၁၀-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ လက်နက်ကိုင်ပဋိပက္ခအတွင်း မဟုတ်သော်လည်း ပြည်သူလူထု က တိုင်ကြားလာသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို လက်ခံစစ်ဆေးကာ ဥပဒေအရ ဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာ တည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center– OSWSC) များကိုလည်း တိုင်းနှင့်ပြည်နယ်များ အနှံ့တွင် ဖွင့်လှစ်ထားပြီး လိုအပ်သောစောင့်ရှောက်မှုများ ဆောင်ရွက် ပေးလျက်ရှိသည်။

အသိပညာပေးမှုအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် ဂျီနီဗာကွန်ဗင်းရှင်း ၄ ရပ်ပါ စစ်ပွဲဆိုင်ရာ ဥပဒေသများ နှင့် အရပ်သားများအပေါ် အကာကွယ်ပေးရေး ပြဋ္ဌာန်းချက်များနှင့် လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတို့ကို တပ်မတော်၊ ရဲတပ်ဖွဲ့ နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ဟောပြောပွဲများ၊ အသိပညာ ပေးစကားဝိုင်းများ ကျင်းပပေးလျက်ရှိသည်။ ရာဇသတ်ကြီးပါ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီး ကာကွယ်ရေးအသိပညာပေးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ဆောင်ရွက်ပြီး အစိုးရပိုင်မီဒီယာများမှ တစ်ဆင့် ဆက်လက်ထုတ်လွှင့်လျက်ရှိသည်။

အထက်ပါ ဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရ အဆက်ဆက် ဆောင်ရွက်လာသည့် လုပ်ငန်းစဉ်များပင်ဖြစ်ပြီး လိင်အကြမ်းဖက်မှုတိုက်ဖျက်ရေးအပေါ် မြန်မာနိုင်ငံ၏ ခိုင်မာသော ကတိကဝတ်ကို သက်သေထူလျက်ရှိသည်။

သို့ရာတွင် ကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင် အတည်မပြုနိုင်သော သတင်းအချက်အလက်များနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ကဲ့သို့သော ယန္တရားများမှ တစ်ဖက် သတ် စွပ်စွဲချက်များကိုသာ မှီငြမ်းထားကြောင်း တွေ့ရှိရသည်။ ယင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ထိခိုက်စေရန် ရည်ရွယ်သည့် နိုင်ငံရေးဖိအားပေးမှု သက်သက်သာဖြစ်သဖြင့် အဆိုပါ ထုတ်ပြန်ချက်အား မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်သကဲ့သို့ ထုတ်ပြန်ချက်အား ကန့်ကွက်ပယ်ချသည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများ (vulnerable group) ၏ အခွင့်အရေးနှင့် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ယုံကြည်လက်ခံနိုင်သော ထုတ်ပြန်ချက်များကိုသာ ထုတ်ပြန်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ အပေါ် ဘက်မလိုက်ဘဲ အပြုသဘောဆောင်သော ချဉ်းကပ်မှုမျိုး ဖြင့်သာ ဆက်ဆံဆောင်ရွက်ရန် မြန်မာနိုင်ငံက တိုက်တွန်း သည်။

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ် ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီ**
**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်**

# ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား

မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ဖွင့်ပွဲအခမ်းအနားကို ၆–၂–၂၀၂၆ ရက်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ စာရေးသူလည်း ကြုံတုန်းကြုံခိုက်မို့ ထိုနေ့ညနေပိုင်းက သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ လှပခံ့ညားလွန်းလှသည့် တံတားကြီးပါလား။ မြင့်မားခံ့ထည်လွန်းလှသည်။ မိမိတို့တစ်နိုင်ငံလုံးအတွက် ဂုဏ်ယူဖွယ်ရာ တံတားကြီးတစ်စင်းပင်။ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီးစီးခဲ့သည့် တံတားများထဲတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကင်းလွတ် အမြင့်ဆုံး သံမဏိကြိုးဆိုင်းတံတား(Cable Stayed Bridge)အမျိုးအစားဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း - မြင့်အောင်**

မြန်မာပြည်သူများအနေဖြင့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့မှုကို ဂုဏ်ယူနေကြမည်၊ သမိုင်းမှတ်တမ်းဝင် တံတားတစ်စင်းဖြစ်၍ ဝမ်းသာကြည်နူးနေကြမည်ဟု ယုံကြည်မိပါသည်။

စာရေးသူတို့ လိုက်ပါလာသော ကားလေးမှာ ကားတန်းကြီးနှင့်အတူ တန်းစီလျက် လိုက်ပါလာခဲ့သည်။ တံတားလူသွားလမ်းများမှနေပြီး တံတားသစ်ကြီးပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာနေကြသည့် ပြည်သူများဖြင့် တံတားကြီးမှာ ပြည့်ကျပ်စည်ကားနေသည်။ သူတို့အားလုံး ဝမ်းသာကျေနပ်နေကြသည်ကို မြင်တွေ့ရသည်။ သူတို့မျက်နှာပြင်ပေါ်တွင် ပီတိအပြုံးများ ဖြတ်သန်းနေကြသည်။ တံတားပေါ်သို့ ရောက်သောအခါ ဘယ်လိုအရသာမျိုးမှန်းမသိသော ကြည်နူးခံစားမှုကို ကျွန်တော့်စိတ်တွင် ခံစားရသည်။ ဂုဏ်ယူမဆုံး ဖြစ်မိသည်။ တံတားအပေါ်စီးမှ မြင်ကွင်းများကို လေ့လာကြည့်သောအခါ နိုင်ငံခြားမြို့ကြီးတစ်မြို့သို့ ရောက်ရှိနေသည့်အလား ထင်မှတ်မှားမိသည်။ ရန်ကုန်မြို့ရှိ တိုက်တာနေအိမ်အဆောက်အအုံများ၊ အထပ်မြင့် အဆောက်အအုံများ၊ ရန်ကုန်မြစ်နှင့် ရေယာဉ်ဝင်ထွက်ဆိုက်ကပ်နေမှုများ၊ ဒလမြို့ မြင်ကွင်းများကိုပါ တွေ့မြင်ကြရသည်။ တံတားပေါ်တွင် လေတဖြူးဖြူး တိုက်ခတ်နေသည်ကို ထိတွေ့ခံစားရင်း ရန်ကုန်မြို့မှ ဒလမြို့ဆီသို့ ဆက်လက်စီးမျောလိုက်ပါသွားမိသည်။



မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) သံမဏိကြိုးဆိုင်းတံတား။

**မြန်မာပြည်သူများအနေဖြင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့မှုကို ဂုဏ်ယူနေကြမည်၊ သမိုင်းမှတ်တမ်းဝင် တံတားတစ်စင်းဖြစ်၍ ဝမ်းသာကြည်နူးနေကြမည်ဟု ယုံကြည်မိ**

**သို့ဖြစ်ပေရာ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တံတားကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်ကြသည့် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်**

တံတားကြီး မဖွင့်လှစ်မီက ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ ဒလမြို့နယ်နေပြည်သူများအနေဖြင့် ရန်ကုန်မြို့သို့ သွားလိုလျှင် ကျယ်ပြောလှသော ရန်ကုန်မြစ်ကို စက်တပ်သမ္ဗန်များ၊ ရေယာဉ်ကြီးငယ်မျိုးစုံဖြင့် ဖြတ်ကူးသွားလာကြရသည်။ ပွင့်လင်းရာသီတွင် သွားလာမှုအဆင်ပြေလွယ်ကူသော်လည်း မိုးလေပြင်းထန်သည့် မိုးရာသီကာလများတွင်မူ ဘေးအန္တရာယ်များလှသည်။

ဒလမြို့နယ်သည် ယခင်က ရန်ကုန်မြို့နှင့် နီးကပ်ခဲ့သော်လည်း ရန်ကုန်မြစ်ကြီးခြားနေသဖြင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲရှိခဲ့သည်။ ယခုတော့ ဒလသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်သည်။ မြန်မာ– ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကြီးက ဒလနှင့်ရန်ကုန်ကို ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်ပေးထားသည်။ ဒလမြို့သည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဆက်နွယ်ပေါင်းကူးထားသည့် ဝင်ပေါက်မြို့တစ်မြို့ဖြစ်ရာ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု ယုံကြည်မိသည်။

ဒလ၏ ဖွံ့ဖြိုးတိုးတက်မှုများကား ဤမျှသာမကသေး၊ ဒလမြို့နယ်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် တံတားကြီး၏ဘေးတစ်ဖက်စီတွင် ရန်ကုန်မြို့မှ ဒလမြို့သို့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်စေရေးအတွက် တစ်ပေခွဲအချင်းရှိ ရေပိုက်များကိုလည်း တပ်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်ပေါင်းရာချီသက်တမ်းရှိခဲ့သည့် ရန်ကုန်မြို့၏ မြို့လယ်ဧရိယာကို မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်နှင့် ပေါင်းစပ်ပေးနိုင်ခဲ့သဖြင့် ဒလမြို့၏ဖွံ့ဖြိုးတိုးတက်မှုသည် မြို့ပြအသွင်ဆောင်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်သာမက ဒလမြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းဒေသများသည်လည်း တစ်ပြိုင်တည်း မြို့ပြအသွင်ဆောင်ကာ အသီးသီးဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု မြင်မိပါသည်။

**“ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရန်ကုန်နှင့် ဒလမြို့နယ်တို့နှင့် ထိစပ်နေသောမြို့နယ်များသည် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၊ ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်၊ ခြံ၊ မြေနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍများပါမကျန် လိုက်ဖက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည်၊ ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Landmark) ဖြစ်သည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကြီးသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်ပေးလျက်ရှိ”**

ယခုအခါ ရန်ကုန်–ဒလ၊ ဒလ– ရန်ကုန်မှာ ရေမခြား၊ မြေမခြား တစ်ဆက်တစ်စပ်တည်း အချိန်တိုကာလအတွင်း သွားလာနိုင်မည်ဖြစ်၍ မြန်မာ– ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာပါက ဒလမှ ရန်ကုန်မြို့လယ်ရပ်ဝန်းဆီသို့ သွားရောက်လိုပါလျှင် ငါးမိနစ်အချိန်မျှဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်သည်။

ထိုနည်းတူစွာပင် ဒလမြို့နယ်မှ တစ်ဆက်တစ်စပ်တည်း ထိစပ်နေသော ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ် ပင်လယ်ပိုင်းကမ်းခြေဒေသများအထိလည်းကောင်း၊ မော်လမြိုင်ကျွန်း–ဘိုကလေးမြို့နယ်တို့နှင့် တိုက်ရိုက်ထိစပ်နေသော ပင်လယ်ပိုင်းဒေသများအထိ လည်းကောင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများက လိုက်ဖက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် တိုက်ရိုက်ထိစပ်နေသော ဝါးခယ်မ၊ မြောင်းမြ၊ လပွတ္တာ၊ အိမ်မဲ၊ မအူပင်နှင့် ပုသိမ်မြို့တို့အထိ အဆင်ပြေစွာ ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်၍ ဒေသဖွံ့ဖြိုး အလှတိုးလာတော့မည် ဖြစ်သည်။

ယခင်က မအူပင်–လှိုင်သာယာ–ရန်ကုန် ခရီးလမ်းဖြင့် တိုက်ရိုက်ထိတွေ့ခရီးသွားလာကြရသော မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများမှာ လှိုင်သာယာအဝေးပြေးဂိတ်သို့ ဆက်သွယ်သွားလာကြရသည်။ ထိုမှတစ်ဆင့် မော်တော်ကားလိုင်းများ၊ အငှားမော်တော်ယာဉ်များ၊ ခရီးသည်ကြိုပို့

စာမျက်နှာ ၇ သို့



မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားပေါ်မှ လေးလမ်းသွား ကားလမ်းမကြီး။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်တက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသည့်ဒေသဖြစ်ပြီး ကျောင်းသားကျောင်းသူများ အများဆုံးတက်ရောက်သင်ကြားလျက်ရှိသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ Grade–12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ နီးကပ်လာသည့် တက္ကသိုလ်ဝင်တန်း Grade–12 စာမေးပွဲနှင့် အစိုးရစစ်စာမေးပွဲများဖြစ်သည့် Grade–5 နှင့် Grade–9 စာမေးပွဲများအတွက် မေးခွန်းလုံခြုံမှုသည် လွန်စွာအရေးကြီးပြီး မေးခွန်းများ လုံခြုံမှုရှိစေရန် တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ အဆင့်ဆင့်တွင် တာဝန်ရှိပါကြောင်း၊ လာမည့်ကျောင်းဖွင့်ရာသီတွင် သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ၏ လက်ထဲသို့ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အချိန်မီရောက်ရှိစေရန် လိုအပ်ပါကြောင်း။

လာမည့် ပညာသင်နှစ် (ဇွန်လ) မှစတင်၍ Grade–6 မှ Grade–9 အထိ အလယ်တန်းဆင့်ကျောင်းသား ကျောင်းသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များ သင်ကြားပေးနိုင်ရန် သင်ရိုးများကို ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း၊ ယင်းဘာသာရပ်များကို သင်ကြားရာတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ် ကျွမ်းကျင်သည့် ဆရာ ဆရာမများက အလယ်တန်းပြဆရာမများကို ဆင့်ပွားသင်တန်းများ ပြန်လည်သင်ကြား ပို့ချပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက ပုသိမ်ပညာရေးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အသစ်တည်ဆောက်မည့် ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ အဆောက်အအုံနေရာများ၊ Master Plan လက်ရှိနှင့် လျာထားအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပုသိမ်ပညာရေးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်မြှင့်တင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ကာ စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များနှင့် ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိပြီး ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

ဦးစွာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်က ပုသိမ်တက္ကသိုလ်၏ အချက်အလက်အကျဉ်းချုပ်နှင့် ပညာရေးဆိုင်ရာဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခုတွင် သုတေသနမရှိခြင်းသည် တူရိယာမပါသော ဂီတနှင့်တူသည့်အတွက် သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သင်ကြားရေးသည် သုတေသနနှင့် ဆက်စပ်နေမှသာလျှင် သုတေသနစာတမ်းများရေးသားရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် မိမိတို့ တက္ကသိုလ်၏ အားသာချက်ရှိသော ဘာသာရပ်များပေါ်တွင် အခြေခံ၍ သုတေသနစကားဝိုင်းများ ပြုလုပ်ရန်နှင့် ဒေသတွင်းသာမက နိုင်ငံတကာအဆင့်မီ သုတေသနစာတမ်းများ ထုတ်ဝေနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စီမံခန့်ခွဲရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရာထူးတိုးပြောင်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ် အပန်းဖြေရိပ်သာ တည်ဆောက်နေမှုနှင့် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ခရီးဆက်ကြရသည်။ ယာဉ်ကြောမပိတ်ပါက နာရီဝက်မှ မိနစ် ၄၀ အတွင်း ခရီးသွားကြရသည်။ ယာဉ်ကြောပိတ်၍ ဖြည်းဖြည်းချင်းမောင်းနှင်ရပါမူ တစ်နာရီနီးပါးအထိ ခရီးသွားကြရပါသည်။

ယခုတော့မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကြီး ဖွင့်လှစ်လိုက်ပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူလျင်မြန်သွားပြီ ဖြစ်သည်။ ချစ်ကြည်ရေးဒလတံတားကြီးမှ ရန်ကုန်မြစ်ကို ဖြတ်ကူးပြီး ရန်ကုန်မြို့လယ်ဘုန်းကြီးလမ်းဆီသို့ အချိန်တိုအတွင်း ရောက်ရှိကာလိုရာခရီးသို့ ခရီးဆက်နိုင်ကြပြီဖြစ်သည်။

ထိုသို့ မြန်မာပြည်သူများ ဝမ်းသာပျော်ရွှင်ဂုဏ်ယူရသည့် မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကြီး တည်ဆောက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ စတင်ခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံ (Economic Development Cooperation Fund – EDCF)ချေးငွေမှ အမေရိကန်ဒေါ်လာ ၁၅၈ သန်းခန့်နှင့် နိုင်ငံတော်အစိုးရ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၈၈ သန်းကျော်ဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားကြီး အပြီးသတ်ဆောင်ရွက်နိုင်ရန် မြန်မာကျပ်ငွေ ၂၃ ဘီလီယံကျော်ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထပ်မံဖြည့်စွက်ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တံတားကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားသည် အရှည် ၆၁၂၇ ပေရှိပြီး လေးလမ်းသွားတံတားဖြစ်သည်။ ပင်မတံတား၏ လျှောစောက် (Gradient) ၅ ဒသမ ၉၅ ရာခိုင်နှုန်းရှိပြီး တံတားအကျယ် ၇၉ ပေရှိသည်။ ၁၁ပေခွဲအကျယ် ယာဉ်သွားလမ်း လေးလမ်းနှင့်ခြောက်ပေခွဲအကျယ် လူသွားလမ်း နှစ်ဖက်ပါရှိသည်။ တံတားခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန်ဖြစ်သည်။

သို့ဖြစ်ပေရာ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တံတားကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်ကြသည့် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်လှပါသည်။



မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား။

အထူးပြုတင်ပြရလျှင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရန်ကုန်နှင့် ဒလမြို့နယ်တို့နှင့် ထိစပ်နေသော မြို့နယ်များသည် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်၊ ခြံ၊ မြေနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍများပါမကျန် လိုက်ဖက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Landmark) ဖြစ်သည့် မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကြီးသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်ပေးလျက်ရှိပါကြောင်း ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

# ရွှေတိဂုံစေတီတော် (၂၆၁၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရွှေတိဂုံစေတီတော် (၂၆၁၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီက ရွှေတိဂုံစေတီ ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များက နှစ်ကျိပ်ရှစ်ဆူဘုရားများကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားများတန်ဆောင်း စုရပ်မှ စတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား တစ်ပတ်လှည့်လည်ပူဇော်၍ ချမ်းသာကြီး တန်ဆောင်းအတွင်း ပင့်ဆောင်ကြသည်။



ထို့နောက် ရွှေတိဂုံစေတီတော် (၂၆၁၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ သြော ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဗုဒ္ဓပူဇနိယ တပေါင်း ပွဲတော် ကျင်းပရေးနှင့် စပ်လျဉ်း၍ အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင် ဦးသောင်းစိန်ဦးက ဗုဒ္ဓပူဇနိယမင်္ဂလာ အဖွင့်စကား ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ဆီမီး ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်း ပွဲတော်အား ဖွင့်လှစ်ပေးကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သြော့ပရိသတ် များက မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီး ဗဟို မဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော် အတွင်း အသင့်နေရာယူထားသော သံဃာတော်များက မဟာပဋ္ဌာန်းဒေသနာ တော်ကို အသံမစဲဆက်လက် ရွတ်ဖတ် ပူဇော်သည်။

ရွှေတိဂုံစေတီတော် (၂၆၁၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် မဟာပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့မှ မတ် ၂ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး မီးသတ်စခန်းရှိ ရှာဖွေကယ်ဆယ်ရေး စက်ကိရိယာများနှင့် မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များအား ကြည့်ရှုစစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး မီးသတ် စခန်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်း ဒေသကြီး ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်း ထားရှိသည့် ရှာဖွေကယ်ဆယ်ရေးစက် ပစ္စည်းများနှင့် မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ အသင့်ပြင်ဆင်ထား ရှိမှုနှင့် ကွပ်ကဲခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်မီးသတ်စခန်းများသို့ ပြန်လည်ဖြန့်ဖြူးပေးမည့် မီးငြိမ်းသတ် ယာဉ်များနှင့် ရေသယ်ယာဉ်များကို လည်းကောင်း၊ စခန်းဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ စားဝတ် နေရေး သက်သာချောင်ချိရေးအတွက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အားကစားနှင့်ကာယ ပညာသိပ္ပံ(မုံရွာ)သို့ ရောက်ရှိရာ လူငယ် ရေးရာ ကော်မတီမှ စီစဉ်ဆောင်ရွက်သည့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဌာနမှူး များ၏ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade – 12 အောင်ချက်မြင့်မားရေး အတွက် ကျောင်းသား ကျောင်းသူများ အား အင်္ဂလိပ်စာဘာသာရပ် သင်ကြား ပို့ချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သူနာပြု-သာဖွား သင်တန်းကျောင်း(မုံရွာ)သို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် အထူး နေ့လယ်စာ အတူတကွ သုံးဆောင်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်း အုပ် ဆရာမကြီးထံ ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ချင်းပြည်နယ်နှင့် ကလေးမြို့တို့ရှိ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ဟားခါးမြို့၌ ကျင်းပသည့် ချင်းပြည်နယ် နေ့အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးနှင့်အတူ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြား ကာ(ယာပုံ) အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူး နှင့် ပြန်ကြားရေးဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် မီးဘေး အန္တရာယ် ဂရုပြုရေးတို့ကို မှာကြားကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ ဖေဖော်ဝါရီ ၂၁**

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်စင်လစာထုတ်ယူရန် လာရောက်ကြသည့် အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ပင်စင်လစာ ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှုနှင့် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ပေးအပ်ကြသည်။

အငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ချီးမြှင့်ပေးအပ်ခြင်း ဆောင်ရွက်ရာတွင် ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှု တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးရောဂါစစ်ဆေးခြင်းနှင့် အီးစီဂျီရိုက်ပေးခြင်းများကို ဆောင်ရွက်ပေးကြပြီး လိုအပ်သော ဆေးဝါးများကိုလည်း အခမဲ့ထုတ်ပေးကြသည်။ အလားတူ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကလည်း အငြိမ်းအစားဝန်ထမ်းများအား တိုင်းရင်းဆေးဝါးများနှင့် ကုသပေးခြင်းများကို ဆောင်ရွက်ပေးကြပြီး တိုင်းရင်းဆေးများကို အခမဲ့ပေးအပ်သည်။



ဆက်လက်၍ စစ်တွေမြို့ မင်းဂံရပ်ကွက် အောဘီစီ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာသွားလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဦးမြဝါလမ်းမှ စန္ဒသူရိယလမ်းအထိ (စန္ဒသူရိယလမ်းမှ အောဘီစီကျောင်းအထိ) ကွန်ကရစ်ခင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး၊ အချိန်မီပြီးစီးနိုင်ရေး စေတနာထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အောဘီစီ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ပြီး ဂေဟာအတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးများရရှိရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကြပြီး ကလေးသူငယ်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မင်းဂံရပ်ကွက်နေ ပြည်သူများနှင့်တွေ့ဆုံကာ ရပ်ကွက်အတွင်း လမ်းများ ကောင်းမွန်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန် ဆရာတော်အား သွားရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရန်ကုန် – စစ်တွေအဝေးပြေးကားလမ်းမကြီးမှ အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်းသို့ အဝင်လမ်းကို မြေသားလမ်းပြုလုပ်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(မြန်/ဆက်)

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာအထက်တန်းကျောင်းများ၌ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဖေဖော်ဝါရီ ၂၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့နယ် အတွင်းအခြေခံပညာအထက်တန်းကျောင်းများ၌ ပြည်ထောင်စု အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် သိပ္ပံဆောင်တည်ဆောက်နေမှု၊ စာကြည့်တိုက်တည်ဆောက်နေမှုနှင့် ခြံစည်းရိုး အုတ်တံတိုင်းကာရံနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ အခြေခံပညာအထက်တန်းကျောင်းခွဲ(နမ့်ကွတ်) ၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် RCC တစ်ထပ် သိပ္ပံဆောင်အသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက



လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြေနိမ့်ပိုင်းဖြစ်၍ မိုးရာသီတွင် ရေဝင်သည့်အတွက် မြေသားခိုင်မာမှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်ချိန်အမီ ပြီးစီးရန်နှင့် အရည်အသွေး ပြည့်မီစွာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိသည့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် ခြံစည်းရိုးအုတ်တံတိုင်း အရှည်ပေ ၈၀၀ ဆောင်ရွက်နေမှုနှင့် RCC တစ်ထပ် စာကြည့်တိုက် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဈေးပိုင်းရပ်ကွက်ရှိ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက် ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေများ လှူဒါန်းကာ ကျောင်းတိုက်အတွင်းအခြေခံစာတတ်မြောက်ရေး သင်ကြားမှု၊ သင်ယူမှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(မြန်/ဆက်)

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်–

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီလွှာဓာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# လူ့ဂုဏ်သိက္ခာ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး၏ အရေးပါမှု

ဒေါက်တာခိုင်ခိုင်ဝင်း

- ❖ **ဥပဒေစိုးမိုးရေးသည် လူထုယုံကြည်မှုအပေါ် တည်ဆောက်ထားသောကြောင့် ဥပဒေစိုးမိုးရေး ဆောင်ရွက်နေကြသူများအနေဖြင့် တရားမျှတမှု ရှိစွာ ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထု၏ ချစ်ခင်၊ ယုံကြည်၊ ကိုးစားမှုကို ရရှိမည်**
- ❖ **တရားမျှတမှုဆိုသည်မှာ လူတိုင်းဥပဒေအရှေ့တွင် တူညီစွာဆက်ဆံခံရခြင်း၊ အပြစ်ရှိသူကိုသာ အပြစ်ပေးခြင်း၊ အပြစ်မဲ့သူအား ကာကွယ်ပေးခြင်းကို ဆိုလိုခြင်းဖြစ်**
- ❖ **လူ့အဖွဲ့အစည်း ရေရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် လူသားတန်ဖိုးများအမှန်တကယ် အလေးထားကာကွယ်နိုင်ကြစေရန် လူ့ဂုဏ်သိက္ခာ၊ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေးတို့သည် အရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိ**

လူရယ်လို့ ဖြစ်လာခဲ့လျှင် ချမ်းသာ၊ ဆင်းရဲ မည်သူမဆို လူ့ဂုဏ်သိက္ခာ တန်းတူရှိကြသလို ဥပဒေအရလည်း တရားမျှတမှုကို တန်းတူရပိုင်ခွင့်ရှိကြသူများဖြစ်ပါသည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် “ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး” စသည့် စကားလုံးများကို နေရာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးတွင် တွင်ကျယ်စွာ ပြောဆိုအသုံးပြုလာကြသည်ကို ကြားသိ၊ တွေ့မြင်နေရပါသည်။

လူတို့တွင် ကျား၊ မ၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင် အစရှိသဖြင့် ကွဲပြားနေသည့်တိုင် ဂုဏ်သိက္ခာဆိုသည်မှာ ယင်းအရာတို့တွင် မူတည်ခွဲခြားထားသည့်အရာမဟုတ်ဘဲ လွတ်လပ်စွာမွေးဖွားလာသည့် လူသားတိုင်းတွင် အခြေခံရရှိထားပြီးဖြစ်သော တူညီသည့် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ သို့သော် လက်တွေ့ဘဝတွင်မူ လူတို့သည် ဂုဏ်သိက္ခာကို ကိုယ်ချစ်ခင်နှစ်သက်သူများ၊ ရာထူးအဆင့်အတန်းနှင့် ငွေကြေးစနေများအပေါ်တွင် မူတည်အသုံးပြုကြသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့နေရပါသည်။ ထိုသို့သော ရွေးချယ်သတ်မှတ်မှုများသည် လူ့အခွင့်အရေး၏ အခြေခံအယူအဆကို ထိပါးချိုးဖောက်နေခြင်းဖြစ်ပါသည်။

တရားမျှတမှုသည် လူသားတိုင်းအတွက် ညီမျှမှုရှိရမည်ဖြစ်ပြီး မချိုးဖောက်ရမည့် အခြေခံသဘောတရား ဖြစ်ပါသည်။ အဆိုပါအခြေခံသဘောတရား ချိုးဖောက်သည့် အခြေအနေများတွင် ဥပဒေစိုးမိုးမှုသည် အားနည်းသွားပြီး တရားမျှတမှုဆိုသည့်အရာသည် အားကောင်းသူများ၏ အကျိုးအမြတ်အလိုက် ပုံစံပြောင်းအခြေအနေများ ဖြစ်လာနိုင်သည်လည်းဖြစ်ပါသည်။ ထိုသို့သော အခြေအနေသည် နိုင်ငံတစ်နိုင်ငံတွင်ဖြစ်ပေါ်နေပါက အဆိုပါနိုင်ငံအတွင်း နေထိုင်ကြသည့် လူထု၏ယုံကြည်မှုသည် အုပ်ချုပ်သူအစိုးရအပေါ် လျော့နည်းလာစေပြီး လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုများလည်း ဖြစ်လာစေမည်ဖြစ်ပါသည်။

> ❝ ဥပဒေစိုးမိုးရေးဆောင်ရွက်ကြသူ တာဝန်ရှိသူတစ်ဦးချင်းစီ၏ သမာဓိနှင့် တာဝန်ယူမှုသည် တရားမျှတမှုတည်တံ့ရေး၏ အခြေခံကျောက်တိုင်ဖြစ်ပြီး ဥပဒေစိုးမိုးရေးတွင် ပါဝင်သူတိုင်းသည် တရားမျှတမှု၊ တာဝန်ယူမှုနှင့် သမာဓိတို့ကို အမြဲတမ်းလမ်းညွှန်ချက်အဖြစ် ထားရှိရပါမည်။ ထိုသို့ပြုလုပ်နိုင်မှသာ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအပေါ် လူထုယုံကြည်မှုကို တိုးတက်စေမည်ဖြစ်ပါသည်။ ဆိုရပါလျှင် လူ့ဂုဏ်သိက္ခာလေးစားမှုနှင့် တရားမျှတမှုရှိရေးတို့သည် လူ့အဖွဲ့အစည်း တည်တံ့ရေး၏ အခြေခံကျောက်တိုင်များဖြစ် ❞

လူ့အသိုက်အဝန်းတစ်ခု တည်ငြိမ်မှုရရှိနိုင်ရန်အတွက် တရားမျှတမှု (Justice)၊ လူသား ဂုဏ်သိက္ခာ (Dignity) အပြည့်အဝထိန်းသိမ်းနိုင်မှု၊ ဥပဒေများအကောင်အထည်ဖော်နိုင်မှု (Law enforce- ment) နှင့် လူ့အခွင့်အရေး (Human Rights) တို့သည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေကြပြီး ယင်းတို့သည် သီးခြားစီတည်ရှိနေခြင်းမဟုတ်ဘဲ အပြန်အလှန်ဆက်နွှယ်ပတ်သက်မှု ရှိကြကာ တစ်ခုနှင့်တစ်ခု အားဖြည့်ပံ့ပိုးပေးနေကြသည့် ထောက်တိုင်များဖြစ်ပါသည်။ အဆိုပါ အချက်လေးချက်၏ ဆက်စပ်ညီညွတ်မှုသည် တရားဥပဒေအပေါ် အခြေခံသည့် လူသားဆန်သော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ရန် အရေးပါဆုံးသော အခြေခံအကြောင်းအရာများ ဖြစ်ပါသည်။

ဥပဒေစိုးမိုးရေးသည် လူထုယုံကြည်မှုအပေါ် တည်ဆောက်ထားသောကြောင့် ဥပဒေစိုးမိုးရေး ဆောင်ရွက်နေကြသူများအနေဖြင့် တရားမျှတမှု ရှိစွာ ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထု၏ ချစ်ခင်၊ ယုံကြည်၊ ကိုးစားမှုကိုရရှိမှာဖြစ်ပါသည်။ တရားမျှတမှုဆိုသည်မှာ လူတိုင်းဥပဒေအရှေ့တွင် တူညီစွာ ဆက်ဆံခံရခြင်း၊ အပြစ်ရှိသူကိုသာ အပြစ်ပေးခြင်း၊ အပြစ်မဲ့သူအား ကာကွယ်ပေးခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အပြစ်မဲ့သူတစ်ဦးအား တရားမျှတမှုမရှိစွာ စီရင်ဆောင်ရွက်ခြင်းသည် လူ့ဂုဏ်သိက္ခာ ထိပါးခံရခြင်းနှင့် လူ့အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေပါသည်။

ဥပမာအားဖြင့် လူတစ်ဦးသည် လိမ်လည်တိုင်ကြားခံရပြီး တရားစွဲဆိုခံရကာ အချုပ်ချခံနေရသောအခြေအနေတွင် အဆိုပါစွပ်စွဲခံရသူ၏ လူ့ဂုဏ်သိက္ခာနှင့် အခြေခံလူ့အခွင့်အရေးများသည် အလွန်အမင်း ထိခိုက်နစ်နာနိုင်ပါသည်။ အထူးသဖြင့် အပြစ်မရှိသူတစ်ဦးအား တရားစွဲဆိုခြင်း သို့မဟုတ် အချုပ်ချထားခြင်းသည် ဥပဒေအရ အပြစ်မရှိဟု သတ်မှတ်ခံရသည်အထိ အပြစ်ရှိသူကဲ့သို့ ဆက်ဆံခံရစေပြီး လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်သည်။ ထိုသို့သော အခြေအနေများတွင် ဥပဒေအကောင်အထည်ဖော်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများသည် အမှုအခြေအနေကို မြန်ဆန်ထိရောက်စွာ စစ်ဆေးဆောင်ရွက်ရန်သာမက တရားမျှတမှုအခြေခံသည့် မှန်ကန်သော လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အပြစ်မရှိကြောင်း အတည်ပြုနိုင်သော အချက်အလက်များကို လျစ်လျူရှုခြင်း သို့မဟုတ် စစ်ဆေးမှုနှောင့်နှေးခြင်းသည် အချုပ်ချခံရသူ၏ အခြေခံလူ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်ခွင့်၊ ဂုဏ်သိက္ခာခံစားခွင့်နှင့် တရားမျှတသော စီရင်မှုခံစားခွင့်တို့ကို ဆက်လက်ချိုးဖောက်နေခြင်းနှင့် တူညီပါသည်။

နောက်ဆုံးတွင် အဆိုပါလူသည် အပြစ်မရှိကြောင်း သက်သေပြနိုင်ခဲ့ပါက ယခင်က ခံစားခဲ့ရသည့် အချုပ်ချခြင်းကြောင့် ဖြစ်ပေါ်လာသော လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ဂုဏ်သိက္ခာဆိုင်ရာ နစ်နာမှုများသည် ပြန်လည်ပြုပြင်ရန် အလွန်ခက်ခဲသည့် ဆုံးရှုံးမှုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အပြစ်မရှိသူအား မလိုအပ်ဘဲ အချုပ်ချထားခြင်းကို တတ်နိုင်သမျှ လျှော့ချခြင်း၊ အမှုစစ်ဆေးမှုများကို မြန်မြန်ဆန်ဆန်နှင့် တရားမျှတစွာ ဆောင်ရွက်ခြင်းတို့သည် လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို ကာကွယ်ရန်အတွက် ဥပဒေအကောင်အထည်ဖော်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ အမြဲမပြတ်လိုအပ်သော တာဝန်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဥပဒေစိုးမိုးရေးဆောင်ရွက်ကြသူတာဝန်ရှိသူတစ်ဦးချင်းစီ၏ သမာဓိနှင့် တာဝန်ယူမှုသည် တရားမျှတမှုတည်တံ့ရေး၏ အခြေခံကျောက်တိုင်ဖြစ်ပြီး ဥပဒေစိုးမိုးရေးတွင် ပါဝင်သူတိုင်းသည် တရားမျှတမှု၊ တာဝန်ယူမှုနှင့် သမာဓိတို့ကို အမြဲတမ်းလမ်းညွှန်ချက်အဖြစ် ထားရှိရပါမည်။ ထိုသို့ ပြုလုပ်နိုင်မှသာ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအပေါ် လူထုယုံကြည်မှုကို တိုးတက်စေမည်ဖြစ်ပါသည်။ ဆိုရပါလျှင် လူ့ဂုဏ်သိက္ခာလေးစားမှုနှင့် တရားမျှတမှုရှိရေးတို့သည် လူ့အဖွဲ့အစည်းတည်တံ့ရေး၏အခြေခံကျောက်တိုင်များ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် တရားမျှတမှုသည် လူ့ဂုဏ်သိက္ခာကို ကာကွယ်ပေးသည့် အဓိကယန္တရားဖြစ်ပြီး ဥပဒေစိုးမိုးရေးသည် ဥပဒေကို လူတိုင်းအတွက် တူညီစွာ အသုံးချနိုင်စေရန်နှင့် လူထု၏ယုံကြည်မှုကို တည်ဆောက်သည့်အရေးပါဆုံးသော စနစ်တစ်ရပ်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း ရေရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် လူသားတန်ဖိုးများအမှန်တကယ် အလေးထားကာကွယ်နိုင်ကြစေရန် လူ့ဂုဏ်သိက္ခာ၊ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေးတို့သည် အရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကော့မှူး၌ ဆောင်းသီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကော့မှူး ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိကျေးရွာများတွင် ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ စိုက်ပျိုးထားသော စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကော့မှူးမြို့နယ်၌ ဆီထွက်သီးနှံနေကြာကို ယခင်က စိုက်ပျိုးသူ နည်းပါးသော်လည်း ယခုအခါ ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးခြင်းထက် နေကြာသီးနှံသည် ဂရုတစိုက် ဆောင်ရွက်ရခြင်းမျိုး မဟုတ်ဘဲ ထွန်ယက်စိုက်ပျိုးရပြီး လူနှင့်လုပ်အားခ အရင်းအနှီးများစွာ မကုန်ကျ၍ ဈေးကောင်းရလျှင် ဒေသခံတောင်သူများ ဝင်ငွေကောင်းမွန်ခြင်းတို့ကြောင့် ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း အထွက်နှုန်းတိုးတက်စေရန်နှင့် အရည်အသွေး ကောင်းမွန်စေရန်အတွက် ရေဆင်း-၁ စပ်မျိုးနေကြာမျိုးကောင်းမျိုးသန့်များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြသည်။

ယခုနှစ် ဆောင်းနေကြာကို ကော့မှူးမြို့နယ်အတွင်းရှိ မဝန်းကျေးရွာ၊ ထန်းတစ်ပင်ကျေးရွာနှင့် ခရိုက်ကွန်ကျေးရွာတို့တွင် စုစုပေါင်း ၄၁၈ ဧက စိုက်ပျိုးထားရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း နည်းပညာနှင့် သွင်းအားစုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်သည် မြစ်ကြီးနားမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံရှိ လေဆိပ်များရှိရာ အခြားမြို့ကြီးများသို့ ဆက်သွယ်သွားလာပျံသန်းလျက်ရှိပြီး ကချင်ပြည်နယ်ရှိ လေဆိပ်များအနက် ကုန်သွယ်ရေးနှင့် ခရီးသည်ဝန်ဆောင်မှုသွားလာရေးအတွက် အဓိကကျအရေးပါသော အခန်းကဏ္ဍတွင်ရှိနေသည့် လေဆိပ်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIAအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဖုံးစထိမှန်ပျက်စီးခဲ့ပြီး လေယာဉ်ခရီးစဉ်ရပ်နားခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူအသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံဇော်ဂေလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇေ၀ဂေလီအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်ထိခိုက်ပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ယင်းကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အသိဉာဏ်နည်းပါးပြီး ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ကလည်း လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် မြစ်ကြီးနားလေဆိပ်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန် ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် FPV Suicide Drone များဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား မိမိတို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## ယုံကြည်ခြင်း ဇေ၀ဂေလီအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများစီးနင်းလိုက်ပါသည့် ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်သည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်း ဇေ၀ဂေလီအသင်းတော် (ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။ **ယုံကြည်ခြင်း ဇေ၀ဂေလီအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံ ဇော်ဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန်ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ် ကြားသိရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)က ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြုပြီး ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရသည့်အတွက် ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသည့် နေရာများကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများအနေဖြင့်လည်း လုံးဝလက်မခံပါကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များကိုလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်သတင်းကို ကြားသိရပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်း လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက်လုပ်ရပ်အား သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ယုတ်မာပက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်သတင်းကို ဝမ်းနည်းဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့က Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ သိရှိရပါသည်။

၂။ ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ခရီးသည်တင်လေယာဉ်တစ်စင်းအား Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်မှုအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယမန်နေ့ညပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အရပ်ဘက်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းသိရှိရပြီး ခရီးသွားပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့မှုအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ် တစ်စင်းအား KIAအဖွဲ့နှင့်PDFအမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား တစ်နိုင်ငံလုံးရှိ ပြည်သူများက စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် မြန်မာရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်ရည်ရွယ်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီလ ၁၂ ရက်နေ့က FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့၊ ည ၈ နာရီ ၁၂ မိနစ်တွင်လည်း မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR – 72 – 600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်ပြင်ဆင်နေစဉ် ခရီးသွားပြည်သူများ သေဆုံးဒဏ်ရာရစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့သည်။

ထိုသို့ စစ်ဆင်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ကာ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ( War Crime ) ကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

(၁) KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မြစ်ကြီးနားလေဆိပ်၌ အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်အား FPV Suicide Drone များ အသုံးပြု၍ ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှေ့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ ဒုံးများအသုံးပြု၍ Drop Bomb များဖြင့်တိုက်ခိုက်ခြင်းများကို အကြမ်းဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လေယာဉ်အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရပါသည်။

၃။ ဤလုပ်ရပ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိ ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါ အကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား မြစ်ကြီးနားလေဆိပ်၌ ရပ်တန့်ထားစဉ် KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့က ယမန်နေ့ညတွင် Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

❍ *ကျောဖုံးမှ*

ဘလက်ဘန်း အသင်းသည် ပရက်စတန် အသင်းထက် ဂိုးပေါက် ခြိမ်းခြောက်မှုပိုင်းသာလွန်မှုရှိခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တည်ငြိမ်ကျစ်လျစ်သော ကစားဟန်ကြောင့် မိနစ် ၆၀ ကျော်အထိ သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲ ရှန်းကန်ခဲ့ရသည်။ ပွဲချိန် ၆၈ မိနစ်တွင် ဘလက်ဘန်းအသင်းက ကစားအားကျလာသည့် အာနေဘဂပ်ဂျန်ဆင်၏ နေရာကို တိုက်စစ်အားသန်ကစားသမား ယူကီအိုဟာရှီကို ထည့်သွင်းအသုံးပြုခဲ့သည်။ ၎င်းဝင်ရောက်လာပြီးနောက် ဘလက်ဘန်းအသင်း၏ တိုက်စစ်ဆင်မှုများ ပိုမိုထိရောက်မှုရှိလာခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သည်။

ပရက်စတန် အသင်းသည် ဘလက်ဘန်း အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု နည်းပါးခဲ့သော်လည်းအသင်းကစားသမားများ၏ အဆုံးသတ်သွင်းယူမှု နှစ်ကြိမ် ဂိုးတိုင်ထိထွက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ထို့ပြင် ပရက်စတန်အသင်းသည် ပွဲချိန်တစ်လျှောက် ဘလက်ဘန်းအသင်း၏ တိုက်စစ်ဆင်မှုများကို တည်တည်ငြိမ်ငြိမ်ဖြင့် ဟန့်တားရှင်းထုတ်နိုင်ခဲ့သည်။

ဘလက်ဘန်း အသင်းသည် အိမ်ကွင်းအားသာချက်ကို အသုံးချကာ နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သောကြောင့် ချန်ပီယံရှစ်နိုင်ပွဲ ၁၀ ပွဲနှင့်အတူ ရမှတ် ၃၈ မှတ်ဖြင့် တန်းဆင်းဇုန် အထက်တွင် ပြတ်သားသောရလဒ်ဖြင့် ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❂ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာ အနီးရှိ လယ်ကွင်းအတွင်း၌ PC ပိုက် (အပြာ) စွပ်ထားသည့် မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိကြောင်း ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ ခန့်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်များအရ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါလယ်ကွင်းအတွင်း၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များက ပစ်ခတ်ရန် ပြင်ဆင်ထားသည့် PC ပိုက်(အပြာ) စွပ်လျက် အနေအထားဖြင့် ရှေ့တိုက်ဒုံးခြောက်လုံးကို တွေ့ရှိရသဖြင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဒုံးသီးများကို စနစ်တကျသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ နေရာတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ သတင်းများနှင့် အကြမ်းဖက်လုပ်ရပ်များကို မသင်္ကာဖွယ် တွေ့ရှိပါက ယခုကဲ့သို့ သတင်းပေးပို့ခြင်းဖြင့် အများပြည်သူတို့ ထိခိုက်ပျက်စီးမည့် အန္တရာယ်မှ ကာကွယ် စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်) ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ရှေ့တိုက်ဒုံးများကို တွေ့ရစဉ်။

# အင်ဒရူးကို တော်ဝင်ထီးနန်းဆက်ခံခွင့်ဆိုင်ရာ စာရင်းမှဖယ်ရှားရန် ဗြိတိန်အစိုးရ စဉ်းစား




**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ဗြိတိန်တော်ဝင် မင်းသားဟောင်းနှင့် တတိယမြောက် ချားလ်ဘုရင်၏ညီတော် အင်ဒရူးမောင့်ဘက်တန်ဝင်ဆာကို တော်ဝင်မိသားစု ထီးနန်းဆက်ခံခွင့်ဆိုင်ရာ စာရင်းမှဖယ်ရှားသွားရန် ဥပဒေပြဋ္ဌာန်းရေး စဉ်းစားသုံးသပ်နေသည်ဟု ဗြိတိန်မီဒီယာများ၏ ဖေဖော်ဝါရီ ၂၀ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ရဲတပ်ဖွဲ့က ၎င်းအပေါ် စုံစမ်းစစ်ဆေးမှု ပြီးသွားသည်နှင့်တစ်ပြိုင်နက် ယင်းသို့ဆောင်ရွက်မှုကို လုပ်ဆောင်သွားဖွယ်ရှိသည်။ အများပြည်သူဆိုင်ရာ လုပ်ငန်းတာဝန်များ လုပ်ဆောင်စဉ် မလျော်ကန်သည့် လုပ်ရပ်များ လုပ်ဆောင်မှုသံသယဖြင့် အင်ဒရူးကို ဖေဖော်ဝါရီ ၁၉ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နာရီအနည်းငယ်ကြာ ဖမ်းဆီးခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။ သေဆုံးသွားပြီဖြစ်သော အမေရိကန် ဘဏ္ဍာရေးလုပ်ငန်းရှင်နှင့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံထားရသူ ဂျက်ဖရီအက်ပ်စတိန်းနှင့် ၎င်း၏ အတိတ်ကပတ်သက်မှုများကို ပြန်လည်စိစစ်မှုများ လုပ်ဆောင်နေစဉ် ယခုကဲ့သို့လုပ်ဆောင်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

တရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ၎င်း၏အပြည့်အဝပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရရှိထားကြောင်း တတိယမြောက်ချားလ်ဘုရင်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။ မောင့်ဘက်တန်ဝင်ဆာသည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ၎င်း၏တော်ဝင်အဆောင်အယောင်နှင့် အဆင့်အတန်းများ ရုပ်သိမ်းခံခဲ့ရပြီး တော်ဝင်အိမ်တော်မှ ဖယ်ရှားခံခဲ့ရသည်။

ထိုအချိန်မှစတင်၍ ၎င်းကို အင်ဒရူးမောင့်ဘက်တန်ဝင်ဆာဟုသာ ခေါ်ဆိုပြီး ပုဂ္ဂလိက နေအိမ်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။

**ဆင်ဟွာ**




## လူလိုက်ပါသည့် လကမ္ဘာစူးစမ်းလေ့လာရေး အာကာသယာဉ် အစောဆုံးလွှတ်တင်မည့်ရက် နာဆာ သတ်မှတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

လောင်စာဖြည့်စမ်းသပ်မှု အောင်မြင်စွာလုပ်ဆောင်ပြီးနောက် အာကာသယာဉ်မှူးများကို လကမ္ဘာပတ်လမ်းကြောင်းသို့ စေလွှတ်မည့်ရက်ကို အစောဆုံး မတ် ၆ ရက်အဖြစ် သတ်မှတ်လိုက်ကြောင်း အမေရိကန်အာကာသအေဂျင်စီ နာဆာက ပြောကြားလိုက်သည်။

လူလိုက်ပါပြီး လကမ္ဘာသို့ ၁၀ ရက်ကြာ စမ်းသပ်ပျံသန်းမည့်ခရီးစဉ်မှာ ဂျပန်နှင့်ဥရောပတို့ပါဝင်ပြီး အမေရိကန်ဦးဆောင်မည့် လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါ စမ်းသပ်ပျံသန်းမှုခရီးစဉ်ကို ယခုလအစောပိုင်းတွင် ပြုလုပ်ရန်စီစဉ်ထားသော်လည်း နာဆာအင်ဂျင်နီယာများက စမ်းသပ်လုပ်ဆောင်မှုတစ်ခုအတွင်း ဓာတ်ငွေ့ယိုစိမ့်ဖြစ်ပွားမှု ရှာဖွေတွေ့ရှိပြီးနောက် လွှတ်တင်မှုကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် အစိတ်အပိုင်းအချို့ လဲလှယ်ခြင်းများအပါအဝင် လိုအပ်သည့် ပြင်ဆင်လုပ်ဆောင်မှုများကို ဆောင်ရွက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ စမ်းသပ်စစ်ဆေးမှုများ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်းနှင့် ပျံသန်းမှုဆိုင်ရာ အဆင်သင့်ဖြစ်မှုကို ပြန်လည်ဆန်းစစ်ပြီးနောက် လွှတ်တင်မှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာကာသအေဂျင်စီက ပြောကြားသည်။

ယင်းလွှတ်တင်မှုမှာ လူသားများသည် ကမ္ဘာပတ်လမ်းကြောင်းကို ကျော်လွန်ပြီး လကမ္ဘာဆီသို့ နှစ်ပေါင်း ၅၄ နှစ်အတွင်း ပထမဆုံးအကြိမ် ခရီးနှင်သည့် ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ လူသားများ လကမ္ဘာဆီသို့ နောက်ဆုံးအကြိမ် ခရီးသွားခဲ့ခြင်းမှာ ၁၉၇၂ ခုနှစ်ဖြစ်ပြီး အပိုလို ၁၇ မစ်ရှင် လကမ္ဘာပေါ်သို့ ဆင်းသက်ခဲ့စဉ်က ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## တာဂျစ်ကစ္စတန်နိုင်ငံ၏ လူဦးရေ ၁၀ ဒသမ ၇၂ သန်းခန့်ရှိလာ

**ဒူရှန်ဘီ ဖေဖော်ဝါရီ ၂၁**

တာဂျစ်ကစ္စတန်နိုင်ငံ၏ လူဦးရေသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ လူဦးရေ ၁၀ ဒသမ ၇၂ သန်းခန့်ရှိပြီး ယမန်နှစ်အလားတူကာလကထက် ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နိုင်ငံ၏ စာရင်းအင်းအေဂျင်စီက ဖေဖော်ဝါရီ ၂၀ ရက်တွင်အစီရင်ခံဖော်ပြထားသည်။

အေဂျင်စီ၏ ထုတ်ပြန်ချက်အရ အဆိုပါကိန်းဂဏန်းအချက်အလက်များမှာ မှတ်တမ်းတင်ထားသော မွေးဖွားသူစာရင်း၊ သေဆုံးသူစာရင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများစာရင်းကို ထည့်သွင်း တွက်ချက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ခတ်လုံဒေသသည် လူဦးရေ ၃ ဒသမ ၈၇၉ သန်းခန့် နေထိုင်မှုရှိသောကြောင့် လူဦးရေအထူထပ်ဆုံး ဒေသဖြစ်ကြောင်းနှင့် ယင်းနောက်တွင် ဆုဂ်ဒေသက လူဦးရေ ၃ ဒသမ ၀၁၅ သန်းခန့် နေထိုင်မှုရှိသောကြောင့် ဒုတိယမြောက် လူဦးရေအထူထပ်ဆုံး ဒေသဖြစ်ကြောင်း သိရသည်။ နိုင်ငံ၏ မြို့တော် ဒူရှန်ဘီတွင် လူဦးရေ ၁ ဒသမ ၂၈၂ သန်းခန့် နေထိုင်မှုရှိသည်။

တာဂျစ်ကစ္စတန် နိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မွေးဖွားသူပေါင်း ၂၅၅၀၀၀ ရှိပြီး သေဆုံးသူအရေအတွက်မှာ ၃၄၄၀၀ ရှိကြောင်း စာရင်းအင်းရုံးက ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

## ဂါဇာကမ်းမြောင်ဒေသသို့ တပ်ဖွဲ့ဝင် ၈၀၀၀ စေလွှတ်ရန် အင်ဒိုနီးရှားအဆင်သင့်ရှိနေ

**ဂျကာတာ ဖေဖော်ဝါရီ ၂၁**

ငြိမ်းချမ်းရေးကို ကာကွယ်ရန်နှင့် အပစ်အခတ်ရပ်စဲရေး ထိန်းသိမ်းရန် ဂါဇာကမ်းမြောင်ဒေသသို့ တပ်ဖွဲ့ဝင် ၈၀၀၀ သို့မဟုတ် လိုအပ်ပါက ယင်းအရေအတွက်ထက်ပို၍ စေလွှတ်ရန်ပြင်ဆင်ထားသည်ဟု အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ပြောသည်။

ဖေဖော်ဝါရီ ၁၉ ရက်က ဝါရှင်တန်၌ ပြောကြားစဉ် ပရာဘိုဝိုက ပါလက်စတိုင်းတွင် ငြိမ်းချမ်းရေးရရှိရန် ကျွန်ုပ်တို့၏ရည်မှန်းချက်ကိုအကောင်အထည်ဖော်နိုင်တော့မည်ဟု ပြောကြားခဲ့သည်။ အင်ဒိုနီးရှားသမ္မတသည် ငြိမ်းချမ်းရေး ဘုတ်အဖွဲ့အစည်းအဝေးကို တက်ရောက်ရန်အတွက် အမေရိကန်သို့ ရောက်ရှိနေခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ကို လွန်ခဲ့သည့်လက တည်ထောင်ခဲ့ပြီး ဂါဇာဒေသ အသွင်ကူးပြောင်းရေး အုပ်ချုပ်မှုကို ကြီးကြပ်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် အမေရိကန်သမ္မတက အင်ဒိုနီးရှား၊ မော်ရိုကိုနှင့် အခြားသောနိုင်ငံများကို ၎င်းတို့၏ပံ့ပိုးကူညီမှုများအတွက် ချီးကျူးခဲ့သည်။ ပထမအသုတ် တပ်ဖွဲ့ဝင်စေလွှတ်မှုကို တစ်လ သို့မဟုတ် နှစ်လအတွင်း ပြုလုပ်သွားမည်ဟု ပရာဘိုဝိုက သတင်းထောက်များကို ပြောသည်။ ၎င်းတို့၏ လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ တိကျသော အခန်းကဏ္ဍကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိချေ။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ပြန်လည် တည်ဆောက်ရေးနှင့် အရပ်သားများကို ကာကွယ်ရေး အစရှိသည့် လုပ်ငန်းတာဝန်များကိုအဓိကထား လုပ်ဆောင်သွားရမည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဆိုမာလီယာနိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းတိုးလာမှုနှင့်ပတ်သက်၍ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် သတိပေး

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၁**

ဆိုမာလီယာနိုင်ငံ၌ လူပေါင်း ၄ ဒသမ ၄ သန်းမှာ ဆိုးရွားသည့် အစားအစာ မလုံလောက်မှုနှင့် ကြုံတွေ့နေရသဖြင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ) က ငွေကြေးထောက်ပံ့မှု လိုအပ်ချက်များနှင့် ပတ်သက်၍ သတိပေးထားသည်။

မိုးရာသီ နှစ်ကြိမ်ဆက်တိုက် မိုးရွာသွန်းမှုမရှိခြင်း၊ ပဋိပက္ခနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေကြေးထောက်ပံ့မှု သိသိသာသာ လျော့နည်းခြင်းတို့ကြောင့် ဆိုမာလီယာနိုင်ငံသည် မကြာသေးမီနှစ်များ အတွင်း အရှုပ်ထွေးဆုံး ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းများထဲမှ တစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

ယခုအခါ ဆိုမာလီယာနိုင်ငံသည် ငွေကြေးထောက်ပံ့မှု နည်းပါးခြင်းနှင့် ရင်ဆိုင်နေရပြီး ၂၀၂၅ ခုနှစ် အစောပိုင်းက အရေးပေါ် စားနပ်ရိက္ခာအကူအညီ လက်ခံရရှိသူအရေအတွက် ၂ ဒသမ ၂ သန်းမှ ခြောက်သိန်းကျော်အထိ လျှော့ချခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

**ဆင်ဟွာ**

## မိုဇမ်ဘစ်နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၅၆၀၀ နှင့် သေဆုံးသူ ၇၁ ဦးရှိ

**မပူတို ဖေဖော်ဝါရီ ၂၁**

မိုဇမ်ဘစ်နိုင်ငံသည် ကာလဝမ်းရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှုနှင့်ရင်ဆိုင်နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်မှစကာ ကာလဝမ်းရောဂါဖြစ်ပွားသူ ၅၆၆၁ ဦးရှိပြီး သေဆုံးသူ ၇၁ ဦးရှိကြောင်း နိုင်ငံ၏ အမျိုးသားပြည်သူ့ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ကွင်းဟတ်စ်ဖာနန်ဒက်စ်က ပြောကြားသည်။

မိုဇမ်ဘစ်နိုင်ငံရှိ ကာဘိုဒယ်ဂါဒို၊ နမ်ပူလာ၊ ဇမ်ဘီဇီယာ၊ တီတီ၊ မာနီကာ၊ ဂါဇာနှင့် မပူတိုမြို့တို့တစ်ဝန်း ခရိုင် ၂၂ ခုတွင် ကာလဝမ်းရောဂါဖြစ်ပွားသည်ဟု မြို့တော်မပူတို၌ ကျင်းပသည့်သတင်းစာရှင်းလင်းပွဲအတွင်း ၎င်းက ပြောကြားသည်။ မိုဇမ်ဘစ်နိုင်ငံ နမ်ပူလာတွင် ရောဂါဖြစ်ပွားသူ ၂၄၄၅ ဦးရှိသဖြင့် ၄၃ ရာခိုင်နှုန်း၊ တီတီ၌ ရောဂါဖြစ်ပွားသူ ၂၁၄၁ ဦးရှိသဖြင့် ၃၈ ရာခိုင်နှုန်းဖြစ်ပြီး နမ်ပူလာ၊ တီတီပြည်နယ်တို့တွင် ရောဂါဖြစ်ပွားမှု စုစုပေါင်း၏ ၈၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မိုဇမ်ဘစ်နိုင်ငံ ကာလဝမ်းရောဂါကြောင့် ရပ်ကွက်များ၌ သေဆုံးသူ ၅၂ ဦးနှင့် ကျန်းမာရေးအဆောက်အအုံနှင့် ကာလဝမ်းရောဂါကုသရေးစင်တာများ၌ သေဆုံးသူ ၁၉ ဦးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နိုင်ငံအတွင်း လူပေါင်း ၁၇၉၀၄၁၀ ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ရှမ်းစုကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် စီးတော်မြင်းဝန်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၉၃ ပါးနှင့် ဒေသခံပြည်သူ ၁၀၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား / နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကော့သောင်းမြို့ရှိ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကော့သောင်း ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ (၇)မိုင် ရွှေပြည်စိုးကျေးရွာအုပ်စု သောင်ဖြူကျေးရွာရှိ တိုးတက်အောင် ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ကြက်မွေးမြူရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော့သောင်းမြို့နေ ပြည်သူများအတွက် ဒေသတွင်းစားသုံးမှုဖူလုံနိုင်ရေး ဥစားကြက် စနစ်တကျ မွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမည့် ကြက်ဥများကို အရွယ်အစားအလိုက် စိစစ်ရွေးချယ်ခြင်း ဆောင်ရွက်နေမှု၊ ကြက်မွေးမြူရေးလုပ်ငန်းမှ ထွက်ပေါ်လာသည့် မစင်များ အလေအလွင့်မရှိစေရေး Bio Gass ဓာတ်ငွေ့ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်လျှပ်စစ်နှင့်သဘာဝမြေသြဇာများ ပြန်လည်ရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာမှ သောင်ဖြူ-ချောင်းစလန်း-ရေငန်းရှိုင်-ယမုံနာ ကျေးရွာ သွားလမ်းအားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အောင်သုခရပ်ကွက်ရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးသစ် အာရ်စီသုံးထပ်အဆောက်အအုံ အပြီးသတ်ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းအခြေအနေကို သွားရောက်ကြည့်ရှုပြီး ဥပဒေရုံးသစ် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**






# ဘားအံမြို့နယ်၌ လျှပ်စစ်ဆိုလာတပ်ဆင်ခြင်း သင်တန်းဆင်းပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် အစိုးရအဖွဲ့ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ ပြည်နယ် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးကျောင်း၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် လျှပ်စစ်ဆိုလာ တပ်ဆင်ခြင်း သင်တန်းဆင်းပွဲကို ယမန်နေ့က ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ ရွာလယ်ကျောင်းတိုက်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းမှအတတ်ပညာနှင့် ကျွမ်းကျင်မှုများကို အသုံးချ၍ ရပ်ရွာအကျိုး၊ ဒေသအကျိုးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဖွင့်လှစ်ခဲ့သော သင်တန်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းထူးချွန်ဆုရရှိကြသူများ၊ လျှပ်စစ်ကျွမ်းကျင်လုပ်သား (အဆောက်အဦ) အဆင့်(၂) စင်တာအတွက် လိုအပ်သောလက်သုံးကိရိယာပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်ကျွမ်းကျင်လုပ်သား (အဆောက်အဦ) အဆင့်(၂) စင်တာအတွက် လိုအပ်သော လက်သုံးကိရိယာပစ္စည်းများနှင့် သင်တန်းသားများ လက်တွေ့ဆောင်ရွက်ထားသော လက်ရာများကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမင်းမင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ယာယီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းမင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် ယာယီအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဆိုက်ကပ်ရောက်ရှိလာသော ရန်ကုန် - ရနောင်း နယ်စပ်ကုန်သွယ်မှု အထွေထွေကုန်ပစ္စည်းတင် ကုန်တင်သင်္ဘောများ၏ ဆိပ်ကမ်းများသို့ ဆိုက်ကပ်ဝင်ရောက်မှု၊ ကုန်စည်များ ရှင်းလင်းထုတ်ယူနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများဖြစ်သည့် မုတ္တမဆိပ်ကမ်းနှင့် ရွှေမဲဆိပ်ကမ်းများသို့ရောက်ရှိရာ ဆိပ်ကမ်းတာဝန်ရှိသူများက ရန်ကုန်-ရနောင်း နယ်စပ်ကုန်သွယ်မှု၊ အထွေထွေကုန်ပစ္စည်းတင် ကုန်တင်သင်္ဘောများ ဆိုက်ကပ်ရောက်ရှိမှု၊ ကုန်ပစ္စည်းများ တင်/ချဆောင်ရွက်နေမှု၊ အကောက်ခွန် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းကာ ဆိပ်ကမ်းများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများဖြစ်သည့် အေးရှားဝေါ်ဆိပ်ကမ်း၊ AIPT ဆိပ်ကမ်း၊ YIGT ဆိပ်ကမ်းနှင့် MIP ဆိပ်ကမ်းများသို့ ရောက်ရှိရာ ဆိပ်ကမ်းတာဝန်ရှိသူများက ရန်ကုန်-ရနောင်း နယ်စပ်ကုန်သွယ်မှု၊ အထွေထွေကုန်ပစ္စည်းတင် ကုန်တင်သင်္ဘောများ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၊ နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်ဝင်ရောက်ချိန် နယ်စပ်ကုန်သွယ်မှု၊ ကုန်တင်သင်္ဘောများ ဆိုက်ကပ်ဆောင်ရွက်မှုလုပ်ငန်း အခက်အခဲများအပေါ် လိုအပ်သည်များ မှာကြားကာ ဆိပ်ကမ်းများအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး သည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး၌ ဌာနဆိုင်ရာများနှင့်အတူ ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရန်ကုန်-ရနောင်း ရေလမ်းကြောင်းမှ တစ်ဆင့် ကုန်တင်သင်္ဘောအစင်းလိုက် သွင်းကုန်လိုင်စင်ခွင့်ပြုမှုအရ ရန်ကုန်ဆိပ်ကမ်းများသို့ ဆိုက်ကပ်ရောက်ရှိခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးရေးဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ဈေးကွက်အတွင်းသို့ ကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့၌ စာစစ်ဌာနကျင်းပမည့်ကျောင်းများ မီးဘေးအန္တရာယ်ကင်းစေရေး ဆောင်ရွက်

**ကလေး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် ကလေးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာစစ်ဌာနကျင်းပမည့် အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၆)နှင့် အင်ဒိုင်းကြီး အခြေခံပညာအထက်တန်းကျောင်းတို့၌ ယနေ့နံနက်ပိုင်းက စာသင်ဆောင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ရှိစေရေး၊ ရေလှောင်ကန်များတွင် ရေအပြည့်ဖြည့်ထားရန် စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို ကလေးခရိုင် မီးသတ်ဦးစီးမှူး ဦးဘိုဘိုလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘွေမောင်းထန်တို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ တတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၃ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီ ဖာရင်ဟိုက်မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၄၀ ဒီဂရီ ဖာရင်ဟိုက်မှ ၅၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၅၂ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၄ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူး တိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၂၇ မီလီမီတာမှ ၃၇ မီလီမီတာ အတွင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်း တိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၃၈ မီလီမီတာမှ ၄၈ မီလီမီတာ အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၉ မီလီမီတာမှ ၅၉ မီလီမီတာ အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ခြောက်သွေ့)အခြေအနေအသီးသီး ရှိနိုင်ပါသည်။

**မိုး/ဇလ**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူး ဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာများတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။



ဦးစွာ ပျဉ်းမနားမြို့ မြင်းရတနာအနီး လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် နေပြည်တော် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ရည်ညွှန်းဈေးနှုန်းဖြင့် စားသုံးဆီများရောင်းချပေးနေမှုအခြေအနေများကိုကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် အမှုထမ်းအိမ်ရာများနှင့် လူပျိုဆောင်/အပျိုဆောင်များ ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ဝန်ထမ်းအိမ်ရာများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်စံချိန် စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ နွေရာသီ(အခမဲ့) အခြေခံခဲပန်းချီသင်တန်းဖွင့်

**နောင်ချို ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နွေရာသီ(အခမဲ့) အခြေခံခဲပန်းချီ သင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်က ဖွင့်လှစ်သည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ပေးသော မြို့နယ် ဥပဒေအရာရှိ ဦးဝင်းဘိုက သင်တန်း တက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းဖွင့်လှစ်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ပြီး သင်တန်းကာလကို ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၂၉ ရက်အထိ အပတ်စဉ် စနေနေ့နှင့်တနင်္ဂနွေနေ့တို့တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၀ ရက်က အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး၊ အထွက်နှုန်းပန်းတိုင်ပြည့်မီရေးနှင့် လူငယ်ရေးရာအသိပညာပေးခြင်းများ ဟောပြောသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အုတ်ကြွပ်များ အဆင့်မီထုတ်လုပ်နိုင်ရေး၊ ရော်ဘာ၊ ကော်ဖီနှင့် လက်ဖက်များ ကုန်ချောထုတ်လုပ်နိုင်ရေးကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသောနံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများလုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများစနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကျိုင်းတုံမြို့နယ်၌ အဲန်တိုင်းရင်းသား ရိုးရာရက်ကန်းသင်တန်းဖွင့်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် အဲန်တိုင်းရင်းသား ရိုးရာရက်ကန်းသင်တန်းဖွင့်ပွဲကို ယနေ့တွင် ကျိုင်းတုံမြို့နယ် နမ့်လင်းမိုင်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကားပြောကြားပြီး သင်တန်းအတွက် ရက်ကန်းပစ္စည်းများနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပေးအပ်သည့် အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အဲန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဆမ်လုံက အဲန်တိုင်းရင်းသားများသည် မိမိဝတ်ဆင်မည့် အဝတ်အထည်များကို ယခုအချိန်အထိ ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်လေ့ရှိကြောင်းနှင့် အဲန်ရိုးရာဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ရက်ကန်းသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ အဲန်တိုင်းရင်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



## ကွန်ဟိန်းမြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်း သရုပ်ပြ

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက မြို့မဈေးတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းကျော်က ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် ပစ္စည်းများထားရှိရေး၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရာတွင် အသုံးပြုပုံအဆင့်ဆင့်နှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး အဝတ်အစိုဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မတော်တဆ ဆီပူဒယ်အိုးမီးလောင်မှုကို မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသူစိုးမိုးနှင့် စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ခွန်ရဲထွေး**



# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရသည် ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာနရုံးဘေးရှိ လယ်မြေတွင် Rainbow ဝန်ဆောင်မှု သမဝါယမအသင်းနှင့် Su Latt Agri Co.,Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ၀ ဒသမ ၆၁ ဧကရှိ စံပြစိုက်ကွက်နေကြာစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင် စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းမှ စိုက်ဧက ၁၅ ဧကတွင် စိုက်ပျိုးထားသော ရုရှားနေကြာမျိုးသုံးမျိုး စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သီးနှံအောင်စေရေး၊ အပင်အသက်ရက်အလိုက် သုံးစွဲရမည့်ဆေးများ စိုက်ပျိုးနည်းစနစ်နှင့်အညီ စနစ်တကျသုံးစွဲရေး၊ ရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ရေး၊ အစိုဓာတ်မလွန်ကဲအောင် ထိန်းညှိဆောင်ရွက်ရေး၊ အပင်ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးနှင့် အချိန်မီအစားထိုးစိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ ရွှေစုမြေစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၌ ဒေသကြက်အကောင်ရေ ၂၅၀၀ မွေးမြူထားရှိမှုအခြေအနေများနှင့် ကံကလေးကျေးရွာ ကံသာယာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နွေစပါးစိုက်ဧက ၁၀၃ ဧက စိုက်ပျိုးထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး



အသင်းသားတောင်သူများနှင့်တွေ့ဆုံသည်။

ယင်းနောက် ဝေါမြို့နယ် ကေရာဇ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နွေစပါးစိုက်ဧက ၁၅၀ ပေါ်တွင် မျိုးစေ့ထုတ်နွေစပါး(ရေဆင်း ပေါ်ဆန်း-၂) ၇ ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ အသင်းသားတောင်သူများအား တွေ့ဆုံ၍ လိုအပ်သော သွင်းအားစုများကို အချိန်ကိုက်ထည့်သွင်းစေရေး၊ စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ယခင်နှစ်ထက် စပါးအထွက်နှုန်း ပိုမိုရရှိစေရေး၊ လိုအပ်ချက်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဘီးလင်းမြို့နယ် ဝင်းကကျေးရွာတွင် ပြည်နယ်အစိုးရရန်ပုံငွေ ကျပ် ၂၂၅ သန်းဖြင့် ကုန်ထုတ်လမ်း (လမ်းဘေးမြေ+ဂဝံ) ခင်းခြင်း ၂ ဒသမ ၁၆ မိုင်လုပ်ငန်း၊ အရက်သီမကျေးရွာတွင် ကျပ် ၃၈ ဒသမ ၇၁ သန်းဖြင့် တွင်းနက်တူးဖော်မှုလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ငါးဘတ်ချောင်ကျေးရွာတွင် (Quick Win) စီမံကိန်းကို အထွေထွေပိုလျှံရန်ပုံငွေ ကျပ်သန်း ၁၀၀ ဒသမ ၉၁ ဖြင့် ဂဝံမြေခင်းခြင်း (၁/၅ ဒသမ ၆၄) မိုင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် လယ်ယာထုတ်ကုန်များ၊ သွင်းအားစုများ တင်သွင်းရန်နှင့် ရေလုပ်သားများ၊ တောင်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ပြီး သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်သည်။

**ဘုန်းမြတ်**



# စလင်းမြို့နယ်၌ အခြေခံပညာအဆင့် စာမေးပွဲကြီးကြပ်ခြင်းဆိုင်ရာများ ထပ်ဆင့်ဆွေးနွေး

**စလင်း ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-5နှင့် Grade-9 စာမေးပွဲလုပ်ငန်းဆိုင်ရာများအတွက် ကြီးကြပ်ရေးမှူးများနှင့် ထပ်ဆင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က စာမေးပွဲမေးခွန်းလွှာများ သယ်ဆောင်ရေး၊ အဖြေလွှာပြန်လည်အပ်နှံရေးအတွက် လမ်းကြောင်းဆိုင်ရာလုံခြုံရေး၊ မီးဘေးလုံခြုံရေးနှင့် ကျောင်းသားကျောင်းသူများ သွားလာမှုအခက်အခဲမရှိစေရေး သက်ဆိုင်ရာဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူများသည် အဖွဲ့သုံးဖွဲ့ခွဲ၍ Grade-5/ Grade-9/ Grade-12 ဖြေဆိုမည့် အထက(၁)စလင်း၊ အထကဆင်ဖြူကျွန်း၊ အထကတပ်တွင်း စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများနှင့်တွေ့ဆုံ၍ စာမေးပွဲဖြေဆိုရာတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**

# ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သူငွေးကုန်းကျေးရွာရှိမြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံခြံတွင် ငါးမွေးမြူရေးကန် ပတ်လမ်း၊



ငါးကန် ရှင်းလင်းဖော်ဆောင်ထားမှုနှင့် ရုရှားနေကြာ(Makhaon၊ Vulkan ၊Ippolit) များ ပန်းပွင့်ကာလဖြစ်သည့်အတွက် ပျားပုံးများ ချထားမှုအခြေအနေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ငါးကန်များ ရှင်းလင်းမှုကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်၍ ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးများအား မွေးမြူ၍ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် ကန်ပတ်လမ်းတစ်လျှောက် သီးပင်စားပင်များကို စနစ်တကျစိုက်ပျိုးရန်မှာကြားပြီး ရုရှားနေကြာများ အထွက်နှုန်းကောင်းမွန်မှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် ရွေ့လျားမော်တော်ယာဉ်ဖြင့် အလုပ်သမားရေးရာ အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက စက်ရုံများအရောက် ရွေ့လျားမော်တော်ယာဉ် (Mobile Training Bus) ဖြင့် ယမန်နေ့နံနက် ၁၀ နာရီမှစတင်ကာ စက်ရုံလေးရုံ၌ ကွင်းဆင်းအသိပညာပေးဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးခြင်းကို ဒဂုံမြို့သစ် ခရိုင်ရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့်အဖွဲ့က ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် CHAO YUE PRO (Myanmar) Garment Co.,Ltd. (CMP) အထည်ချုပ်စက်ရုံ၊ Lucky Top (Myanmar) Manufacturing Co.,Ltd.(CMP) အထည်ချုပ်စက်ရုံ၊ Lin Dagon



Garment အထည်ချုပ်စက်ရုံ၊ U Hair Co.,Ltd.(CMP) ဆံပင်တုစက်ရုံတို့တွင် Mobile Training Bus အသုံးပြု၍ ယမန်နေ့ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ စက်ရုံများအရောက် အသိပညာပေး ဆွေးနွေးကြောင်း သိရသည်။

**အေးမဥ္ဇူ**

# မောက်မယ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**မောက်မယ် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်ဦးဆောင်သော မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းကြည့်ရှု**

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် စဉ့်ဆိုင်ကျေးရွာအုပ်စုအတွင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅၀၀ သန်းဖြင့် ဌာနမှတာဝန်ယူဆောင်ရွက်သည့် နားဆိုင်းဆည်ရေတံခါးရွက်များ ပြုပြင်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ရေလွှဲဆည်အထက်ပိုင်း ရေလျှံထိန်းတာပေါင်ပြုပြင်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်လမ်းဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၁၃၆ သန်းဖြင့် တာဝန်ယူဆောင်ရွက်နေသည့် ပုန်းလောကျေးရွာသွားလမ်း လမ်းအရှည် ၀ ဒသမ ၂၀၁ ကီလိုမီတာကို မြေသားမှကတ္တရာခင်းရန် ယင်းလမ်းပေါ်ရှိ ၁၅ ပေ ကျောက်ရိုးစီကမ်းကပ်ခုံကွန်ကရစ်တံတား၏ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ၉ မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ပြည်သူ့ဆေးရုံများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ











နေပြည်တော် ဖေဖော်ဝါရီ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက် နှင့် ၁၅ ရက်တို့တွင် လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၇၃ တန်၊ သစ်မာ ၂ ဒသမ ၁၆၈ တန်၊ အခြားသစ် ၅၃ ဒသမ ၀၉၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၆၅၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၆ ရက်တို့တွင် ပြည်ခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အုတ်ဖိုမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ ဖြူးမြို့နယ်နှင့် ပဲခူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂၇ ဒသမ ၆၂၄ တန်၊ သစ်မာ ၁ ဒသမ ၄၁၀ တန်၊ အခြားသစ် ၃ ဒသမ ၀၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၈၃၈၄၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၆၃၈၄၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် မြစ်ငယ်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်ကိုးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၇ ရက် နှင့် ၁၈ ရက်တို့တွင် မုဒုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၆ မျိုး၊ လျှပ်စစ်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀၀) ကိုလည်းကောင်း၊ သိမ်ဇရပ်မြို့နယ် ရထားဘူတာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၈၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၉၁၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်၊ ၁၃ ရက်၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၂၅၈၃၆၀)ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မအူပင်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် ကျောင်းများအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး



မအူပင် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပမည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းကို ယမန်နေ့က မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးမှုအား မြို့နယ်မီးသတ် ဦးစီးမှူးဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဝန်ထမ်းများနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ကျောင်းစာစစ်ခန်းများနှင့် ကျောင်းဝင်း အတွင်းရှိ ဝန်ထမ်းနေအိမ်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ လျှပ်စစ်မီးခုံများ၊ မီးခလုတ်များ၊ သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုးများ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး ထားရှိမှုများ စစ်ဆေးခြင်း၊ ကျောင်းရေကန်အား စစ်ဆေးခြင်း၊ ရေစက်၊ မီးစက် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်**
(မြန်/ဆက်)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပိုးသတ်ဆေး ( ၁၀ ) မျိုးအား မှတ်ပုံတင်ဖျက်သိမ်းကြောင်း ကြေညာခြင်း

( ၂၉-၁-၂၀၂၆ )နေ့တွင် ကျင်းပခဲ့သော (၄၇)ကြိမ်မြောက်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ (၆)လအထက်မှတ်ပုံတင်သက်တမ်းကျော်လွန်ပြီး သက်တမ်းတိုးခြင်း၊ ပယ်ဖျက်ခြင်း တင်ပြရန် ပျက်ကွက်သည့် အောက်ပါပိုးသတ်ဆေး ( ၁၀ ) မျိုးအား မှတ်ပုံတင်ခွင့်ပြုထားသည့် ပိုးသတ်ဆေးစာရင်းမှ ဖျက်သိမ်းကြောင်းကြေညာပါသည်။ ၎င်းဆေးများအား ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူး ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရပါက ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာပါသည်။

| စဉ် | ဖြန့်ဖြူးသူ | ကုန်သွယ်မှုအမည် | မှတ်ပုံတင်အမှတ် | မှတ်ပုံတင်အမျိုးအစား |
|---|---|---|---|---|
| 1 | Myanmar Golden Crop Co., Ltd. | Shwe Mectin 1.8%EC | F2015-972 | Full |
| 2 | Golden Rocket Co., Ltd. | BUTYL 10 WP | F2017-1247 | Full |
| 3 | Myanmar Golden Crop Co., Ltd. | Shwe Nary 85% WP | F2015-977 | Full |
| 4 | Golden Rocket Co., Ltd. | SECSAIGON 50 EC | F2017-878 | Full |
| 5 | Myanmar Golden Crop Co., Ltd. | Shwe Thoate 40 EC | F2015-975 | Full |
| 6 | Saigon Plant Protection Joint Stock Company (SPC) (Myanmar Branch office) | MALATE 73 EC | F2017-1248 | Full |
| 7 | Shwe Dar Co., Ltd. | BABUI 20 WP | F2017-1244 | Full |
| 8 | Golden Rocket Co., Ltd. | VENUS 300 EC | F2017-1246 | Full |
| 9 | Myanmar Golden Crop Co., Ltd. | Shwe Copper 77% WP | F2015-974 | Full |
| 10 | Myanmar Golden Crop Co., Ltd. | Shwe Sin | F2015-976 | Full |

မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

## ပိုးသတ်ဆေး ( ၆ ) မျိုးအား မှတ်ပုံတင်ပယ်ဖျက်ကြောင်း ကြေညာခြင်း

( ၂၉-၁-၂၀၂၆ ) နေ့တွင်ကျင်းပခဲ့သော (၄၇)ကြိမ်မြောက်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ သက်ဆိုင်ရာကုမ္ပဏီများမှ ဆက်လက်သက်တမ်းတိုးခြင်း မဆောင်ရွက်လိုကြောင်း တင်ပြလာသော အောက်ပါပိုးသတ်ဆေး (၆)မျိုးအား မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခွင့်ပြုကြောင်း အသိပေးကြေညာပါသည်။

| စဉ် | ဖြန့်ဖြူးသူ | ကုန်သွယ်မှုအမည် | မှတ်ပုံတင်နံပါတ် | မှတ်ပုံတင်အမျိုးအစား |
|---|---|---|---|---|
| 1 | Myanmar Arysta LifeScience Co., Ltd. | Fego 14.5 SC | F2017-1308 | Full |
| 2 | Powerhouse Co., Ltd. | Jumbo Super Aerosol Z | F2015-1335 | Full |
| 3 | Powerhouse Co., Ltd. | Jumbo Super Super 1 | F2015-1403 | Full |
| 4 | Powerhouse Co., Ltd. | Jumbo Fan-M | F2015-1153 | Full |
| 5 | Myanma Awba Group Co., Ltd. | Mancozeb TG | F2015-1262 | Full |
| 6 | Myanmar Kaung Thu Kha Co., Ltd. | Agent 10 WP | F2015-1068 | Full |

မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၁)၊ မြေကွက်အမှတ် (၁၉၈၈) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ (၄၀x၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်နွယ်နီညွန့်(S/OKA-၀၁၅၁၈၀၄)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇေယျာစိုး (၁၄/မအပ(နိုင်) ၂၀၈၀၈၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကေခိုင်ဦး (၁၂/သဃက(နိုင်)၁၈၄၇၈၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီအပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)

**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)

**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။

ဖုန်း-၀၉ - ၇၇၂၇၇၇၇၁၂ ၊ ၀၉ - ၄၅၆၉၉၆၇၇၆ ၊ ၀၉ - ၉၇၃၀၀၂၁၁၇

## D/O, 90/91 ပျောက်ဆုံးကြောင်း

Glass Business Company Limited အမည်ဖြင့် D/O, 90/91 စာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ တွေ့ရှိပါက ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၇၅၉၁၃၅၁၅၁၊ ၀၉- ၉၇၉၆၅၄၇၂၄

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ် ၅၈၄၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးစောအောင်ကျော်ခိုင် ၉/မမန(နိုင်) ၀၃၀၅၈၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/88142, Kenbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၁၄/အမန(နိုင်) ၂၁၃၄၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ် (၁၅၈၇/ခ)၊ ဧရိယာ ပေ (၂၀x၆၀)ရှိ ဒေါ်သန်းသန်းအေး အမည်ပေါက်ပါမစ် (မူရင်း)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေဇော်လင်း (၁၁/ကတန(နိုင်) ၀၇၈၅၁၅) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းနိုင်လင်း(၁၁/စတန(နိုင်)၀၈၀၂၆၇)က စရန်ငွေပေး ထားပြီးဖြစ်ပါသည်။

ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွာမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**

**ဖုန်း-၀၉-၇၈၅၁၄၉၄၅၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် -၁၃**

ဒေါ်ခမ်းကလျာ (တရားလို) နှင့် ဒေါ်အုံးမြင့် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇) အနောက်ရပ်ကွက်၊ အောင်ချမ်းသာ (မြေနီ)-(၆) လမ်း၊ အမှတ် (၇၀၇) နေ တရားပြိုင် ဒေါ်အုံးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခမ်းကလျာက ပဋိညာဉ်အတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မတ်လ (၆) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/3533 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၅၉၀၈ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့၊ ဘိုးလှကြီးရပ်ကွက်၊ အကွက်အမှတ်(၄က)၊ အကွက်အမည် (ဘိုးလှကြီးရပ်အကွက်)၊ မြေကွက်အမှတ်(၁၅၊ ၁၇ခ၊ ၂၄ဃ၊ ၂၉က၊ ၅၈၊ ၆၂ဈ၊ ၂၃ဂ၊ ၁၆င၊ ၅၇ဆ)၊ မြေမျိုးနှင့်အတန်း (မြို့မြေ)၊ မြေဧရိယာ(၂.၈၃၆+၂.၇၇၃+၂.၉၄၀+၂.၆၃၃+၁.၀၃၂+ ၀.၆၉၀+၂.၁၄၉)ဧက၊ စုစုပေါင်း (၁၅.၀၅၃)ဧကရှိ မြေနေရာအား ဘီးလင်းမြို့နယ်မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးနှင့်ဝန်ထမ်းအိမ်ရာအဆောက်အအုံမြေအဖြစ် အသုံးပြုရန်အတွက် ဘီးလင်းမြို့နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ကိုယ်စား) ဒေါ်ခြူးခင်ခင်(မြို့နယ်ဦးစီးမှူး)မှ မြေပေးမိန့်ချထားပေးပါရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်မတိုင်မီ ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘီးလင်းမြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/6137, Mitsubishi Fuso FK417K, Truck ယာဉ်လက်ဝယ်ရှိသူ ဦးလမင်းထွဋ် ၁၄/ပသန(နိုင်)၁၉၂၁၃၈ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/4719, THUKHA LIGHT TRUCK (TKLT-01), Pick UP(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုစန်း ၉/မထလ (နိုင်)၂၈၀၂၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/2457 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သစ်လွင် ၈/မကန(နိုင်)၂၅၉၆၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3339, Toyota Landcruiser HDJ 101,S/W(4X4) R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမြင့်ရန်အောင် ၉/မဟမ(နိုင်)၀၀၉၂၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ်(၈)ရပ်ကွက်၊ မြေတိုင်း (၂၈ B)၊ မြေကွက်အမှတ် (၃၅၅)၊ မြေဧရိယာ (၀.၁၁၀) ဧက မြေအား ဦးခင်ဝင်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ်(၈)ရပ်ကွက်၊ မြေတိုင်း (၂၄)၊ မြေကွက်အမှတ် (၁၉၀)၊ မြေဧရိယာ (၀.၀၅၅)ဧက မြေအား ဦးမောင်မောင်တင်မှ မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားခြင်းအား လျှောက်ထားခြင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

